www.burmeseclassic.com

# ဖြေလည်းပြေပါနိုင်

မန်းတင်

ဆရာမကြီးသည် သူငယ်မကိုကြည့်၍ ပြုံးလိုက်လေသည်။

သူငယ်မရဲ့ ပင္ဓိသန္ဓေဟာ ရိုးရိုးတန်းတန်းမှ ဟုတ်ပါ့မလား။ ဘာပြုလို့ သူ့ဒါလောက် စိတ်မချမ်းမသာ ဖြစ်နေရသလဲ။ မီးဖွားရမှာကိုများတွေးပြီး ကြောက်နေလေရော့သလား။ ပထမသားဆိုတော့... ကြောက်မယ်ဆိုလည်း ကြောက်စရာပဲ။ သူကိုယ်တိုင်ကလည်း ငယ်ငယ်ကလေး ရှိသေးတာပဲ။ သူ့အသက်အရွယ်ကလေးနဲ့ လှကလှသနဲ့။

ဆရာမကြီးသည် တသီတတန်းကြီး တွေးမိလေသည်။ သူ့အဖို့ မီးဖွားခြင်းကိစ္စသည် မထူးဆန်းလှသော်လည်း သူငယ်မလေးအတွက် အလွန်တာဝန်ကြီးသည့် ကိစ္စကြီးတစ်ခု ဖြစ်ကြောင်းကိုလည်း သူတွေးမိသည်။

"သူငယ်မနာမည်" ဆရာမကြီးက ခပ်သွက်သွက် မေးလိုက်သည်။ သူငယ်မ၏ မျက်လုံးအိမ်အစုံတွင် မျက်ရည်တွေ ဥနေသည်ကို သတိထားမိသည်။

"ရင်ရင်မြ" သူငယ်မက တုန်တုန်ရီရီနှင့် ဖြေလေသည်။

"သူငယ်မခင်ပွန်းနာမည်"

"ကိုဘသိန်း" သူငယ်မသည် ဖြေရင်း ပါးပြင်နုနုကလေးပေါ်တွင် လိမ့်ဆင်းလာသည့် မျက်ရည်လုံးကလေးများကို အင်္ကျီလက်နှင့် သုတ်လိုက်လေသည်။

"အသက်"

"ဆယ့်ရှစ်နှစ်"

"သူငယ်မပြောတဲ့အတိုင်းနဲ့ ဆရာမကြီး စမ်းသပ်ကြည့်လို့ သိရတာနဲ့ဆိုရင် သုံးလလောက်တော့ ရှိပြီထင်တယ်။ သူငယ်မတို့လို သန်သန်မာမာဆိုတော့ မီးဖွားရမှာ ဘာမှ ကြောက်စရာမရှိပါဘူး"

"ကျွန်မ မကြောက်ပါဘူး ဆရာမကြီး"

"အေး အေး ကောင်းတယ်"

ထို့နောက် "ဒါဖြင့်ရင် ဘာပြုလို့ ငိုရသလဲ" ဟု မေးမည်ကြံပြီးမှ မိမိနှင့်မဆိုင်ပါကလားဟုအောက်မေ့ကာ "ရွှင်ရွှင်လန်းလန်းနဲ့ ပြုံးရယ်နေတဲ့ကလေး မလိုချင်ဘူးလား"ဟု မေးလိုက်လေသည်။

"အို... လိုချင်တာပေါ့ ဆရာမကြီးရယ်။ ကျွန်မ အဲဒီလို ကလေးလေးရအောင် လုပ်ပေးပါလား"

ရင်ရင်မြ၏ မျက်လုံးအစုံသည် အရောင်ရွှန်းလာပြီး လျှင် မသိမသာ ရယ်လိုက်လေသည်။

"ဆရာမကြီး မတတ်နိုင်ဘူး။ သူငယ်မဘာသာပဲ သူငယ်မ လုပ်ယူရမယ်"

"ဘယ်လိုလဲ ဆရာမကြီး"

"စိတ်ကြည်လင်နေတဲ့ မိခင်ကမွေးတဲ့ကလေးဟာ ရွှင်လန်းကြည်လင်တာပဲ။ ရွှင်လန်းကြည်လင်တဲ့ကလေး ဟာ ကျန်းမာသန်စွမ်းတာပဲ"

ထို့နောက် ဆရာမကြီးသည် ကိုယ်ဝန်ဆောင်မိန်းမတို့ လိုက်နာအပ်သည့် စည်းကမ်းနည်းလမ်းများကို ဝမ်းဆွဲဆရာမတို့ ထုံးစံအတိုင်း ပြောပြနေလေသည်။

"ကိုယ့်ကိုယ်ကို ဂရုစိုက်နော်။ သိပ်အမောမခံနဲ့။ ကိုယ့်အိမ်မှာ လုပ်စရာရှိတာတော့ ပေါ့ပေါ့ပါးပါးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေါ့။ အသေးအဖွဲကိစ္စလေးတွေကိုလည်း တွေးပြီးစိတ်ကို ဒုက္ခမပေးနဲ့။ လူဆိုတာ ပူစရာပင်စရာလေးတွေတော့ အနည်းအများ ရှိတတ်တာပဲ။ ဘာမှစိတ်မပူပါနဲ့ကွယ်။ အကြောင်းရှိရင် ဆရာမကြီးပြော။ မလာနိုင်ရင် လူလွှတ်လိုက်တာပေါ့"

ရင်ရင်မြသည် ဆရာမကြီးအိမ်မှ ကိုက်နှစ်ရာခန့်သာ ဝေးကွာသော စမ်းချောင်းရပ်ရှိ မိမိအိမ်ကလေးဆီသို့ လမ်းလျှောက်၍ ပြန်လာခဲ့လေသည်။ အိမ်ထဲသို့ ဝင်သွားလျှင် သူ့ယောကျ်ားနှင့် မိန်းမတစ်ယောက် စားပွဲတွင် ထိုင်နေကြလေသည်။ သူ့ယောကျ်ားသည် ဖန်ခွက်ထဲသို့ အရက်ငှဲ့ထည့်ရင်း သူ့ကိုမော်ကြည့်လိုက်လေသည်။ သူနှင့်အတူထိုင်နေသည့်မိန်းမကို ရင်ရင်မြ မမြင်ဖူးသော်လည်း ဒီလိုမိန်းမတွေကိုတော့ မကြာမကြာ အိမ်သို့ခေါ်လာဖူး၍ မြင်ဖူးလေသည်။

ယခု ရင်ရင်မြ မြင်ရသောမိန်းကလေးသည် ငယ်ငယ်ပင် ရှိသေးသည်။ သူ့ဆံပင်သည် လိမ်ကောက်ကောက် အမောက်ကလေးများနှင့် နောက်တွဲထုံးထားသည်။ စက္ကူပန်းကလေးတစ်ပွင့်ကို ခပ်စောင်းစောင်းပန်ထားသည်။ ကြည်လင်သည့် မျက်လုံးပေါ်တွင် နှုတ်ထားသဖြင့် သေးသွယ်သော မျက်ခုံးက မိုးနေသည်။ သူ့နှုတ်ခမ်းကလေးများသည်လည်း ဆေးခြယ်ထားသဖြင့် နီရဲနေလေသည်။ သူ့လက်သည်းခြေသည်းများသည်လည်း ချွန်၍ နှုတ်ခမ်းကဲ့သို့ပင်နီရဲနေလေသည်။ မျက်နှာသည်လည်း နံ့သာအမျိုးမျိုးတို့ဖြင့် ဖြူဖွေးနေလေသည်။

"မြရေ သောင်းသောင်းလေ... ကိုကို့မိတ်ဆွေ"

ဘသိန်းက ရင်ရင်မြကို ဆီး၍နှုတ်ဆက်လေသည်။

ရင်ရင်မြသည် သူပြောသည့် သောင်းသောင်းကို မမြင်ချင်ပြုနေလိုက်သည်။

"မြကြည့်ရတာ သိပ်စိတ်မချမ်းသာစရာကောင်းတာပဲ။ ဘယ်တော့မှ ရွှင်ရွှင်ပျပျ မရှိဘူး" ဘသိန်းက အရက်ခွက်ကိုင်ရင်း ပြောလေသည်။

ရင်ရင်မြ မျက်စိအစုံတွင် မျက်ရည်တွေ စို့လာလေသည်။

"ကိုကိုနဲ့ သောင်းသောင်းနဲ့ အလုပ်တစ်ခုအကြောင်းကို ပြောနေကြတယ်" ဘသိန်းက ဆက်၍ပြောလေသည်။

"ဘာအလုပ်လဲ" ရင်ရင်မြက ချက်ချင်းပြန်မေးလိုက်သည်။

"အခုပြောလို့ မဖြစ်သေးဘူးကွဲ့။ မပြီးခင် ဗမာ မမြင်စေနဲ့တဲ့"

ဘသိန်းသည် သည်လိုပြောရင်း သောင်းသောင်းကို မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

သောင်းသောင်းက ပြုံးလိုက်သည်။ ရင်ရင်မြသည် အခန်းတွင်းသို့ ဝင်သွားလေ၏။

ရင်ရင်မြသည် အခန်းထဲတွင် အဝတ်အစားများ လဲရင်း ဆရာမကြီးပြောလိုက်သည့် အကြောင်းများကို သူ့ယောကျ်ားအား ပြောရကောင်းမလား၊ မပြောဘဲ နေရကောင်းမလားဟု စဉ်းစားနေပြန်လေသည်။ တစ်လမ်းလုံးလည်း သူစဉ်းစားခဲ့ပြီးဖြစ်သည်။ ဝေခွဲ၍မရအောင် ဖြစ်နေလေသည်။ "ကလေးရရင်တော့ ကိုဘသိန်းဟာ ငါ့အပေါ်မှာ ယုယုယယ ရှိမှာပဲ" ဟုလည်း မျှော်လင့်သည်။ အချို့တကြွက်ကြွက်နေသော ဇနီးမောင်နှံတို့ ကလေးရမှ သင့်သင့်မြတ်မြတ် ဖြစ်သွားကြသည်ကိုလည်း သူ့တွေ့ဖူးသည်။

ဘသိန်းသည် အခန်းတွင်းသို့ ဝင်လာသည်။ ခုတင်တိုင်တွင် ချိတ်ထားသည့် ဦးထုပ်ကို ယူဆောင်းလိုက်သည်။

"ကိုယ် အပြင်သွားလိုက်ဦးမယ်။ ကိစ္စလေးရှိသေးလို့"

ဘသိန်းပြောနေကျဖြစ်သည့် "ကိစ္စကလေး" ကို ရင်ရင်မြ ကြားရပေါင်းများလှပါပြီ။

"ကိုကို ခဏလာပါဦး"

ဘသိန်းသည် သုန်သုန်မှုန်မှုန်နှင့် ကပ်လာလေသည်။

"ဒါက ဘယ့်နှယ့်ဟာလဲ။ ဟိုမိန်းမက ဘယ်သူလဲ"

"ငါပြောပြီးပါပကော အလုပ်နဲ့ပတ်သက်တဲ့ မိတ်ဆွေပါလို့ဆိုနေ။ သူနဲ့ပတ်သက်ပြီး အလုပ်တစ်ခုရဖို့ ရှိတယ်"

"ဘာအလုပ်လဲ"

"အေး ငါ ရတော့ပြောမယ်"

"ဘယ်အချိန် ပြန်လာမှာလဲ"

"အသာနေစမ်းပါကွာ။ ဘယ်အချိန်ပြန်လာမယ်လို့ ငါ ဘယ်ပြောနိုင်မလဲ။ မင်း သိပ်စကားကြောရှည်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သိပ်အမေးအမြန်း ထူတာပဲ။ ငါ ကလေးမဟုတ်ဘူး။ ငါ ပြန်ချင်တဲ့အချိန်မှပြန်မယ်။ မင်းသိချင်ရင် ငါပြောမယ်။ ငါ အခုအပြင်သွားမလို့၊ ငါသွားချင်ရာသွားမယ်၊ ငါ လုပ်ချင်ရာလုပ်မယ်၊ ငါပြန်ချင်တဲ့အချိန် ပြန်မယ် ကိုင်းသိပလား"

ရင်ရင်မြသည် ဘသိန်း၏လက်ကို ဆွဲလိုက်လေသည်။ ဘသိန်းက အဆွဲမခံ ပြန်၍ဆောင့်ဆွဲလိုက်သည်။

"ကိုကို ကျွန်မကိုယ်ဝန်ရှိနေပြီလို့ ဆရာမကြီးက ပြောတယ်" ရင်ရင်မြက မျက်ရည်စမ်းစမ်းနှင့် ဘသိန်းမျက်နှာကို ကြည့်ရင်းပြောလိုက်လေသည်။ သူသည် သူ့ခင်ပွန်းနှင့်သူ နားလည်မှုရရှိ၍ ပျော်ရွှင်ခြင်း၏ ရှေ့ပြေးအရိပ်အယောင်ကို မြင်ချင်ဇောနှင့် ဘသိန်း၏မျက်နှာကို ကြည့်နေခြင်းဖြစ်သည်။ ဘသိန်း၏မျက်နှာကား သူမျှော်လင့်သလို မဟုတ်။ မည်းသွားလေသည်။

"အင်း...တယ်ဟုတ်တာပဲ၊ ပါးစပ်နှစ်ပေါက်မှ မဝရတဲ့အထဲ သုံးပေါက်ဖြစ်ဦးတော့မယ်" ဘသိန်းသည် ရှုံ့ရှုံ့မဲ့မဲ့ပြောလေသည်။

"ဒါ ကျွန်မအပြစ်လား ကိုကိုရယ်"

"မင်း အပြစ်မဟုတ်ဘူး။ ငါကံမကောင်းလို့ပေါ့"

"ကလေးရမယ်ဆိုတာ ကိုကိုဝမ်းသာဖို့ ကောင်းပါတယ် ကိုယ့်ရင်သွေးပဲဟာ"

"မလိုချင်ဘူး မင်းမတတ်နိုင်ဘူးလား"

ရင်ရင်မြသည် တုန်လှုပ်သွားလေသည်။ သူသည် ဝမ်းနည်းခြင်း၊ ကြောက်လန့်ခြင်း၊ ရွံရှာခြင်း၊ ရှက်ခြင်းအစရှိသော ဝေဒနာအမျိုးမျိုးတို့ကို တစ်ကြိမ်တည်းခံစားရလေသည်။ သူ့မျက်လုံးအိမ်အစုံတွင် ဥနေသည့် မျက်ရည်တို့သည် များလာပြီးလျှင် ပါးပြင်ပေါ်တွင် လိမ့်ဆင်းလာကုန်သည်။

"ငါတော့ ကလေးမလိုချင်ဘူး။ မင်းမတတ်နိုင်ဘူးလား" ဘသိန်းကထပ်၍ မေးပြန်လေသည်။

ရင်ရင်မြသည် မျက်ရည်တွေပြည့်နေသည့် မျက်လုံးများဖြင့် သူ့ယောကျ်ားကိုကြည့်ရင်း ခေါင်းခါလိုက်လေသည်။

"အင်း...တော်တော်ကျရင် မီးဖွားစရိတ်နဲ့ ဆေးဖိုးဝါးခနဲ့..." ဘသိန်းစကားမှ မဆုံးမီ

"ဒါတွေကို ကိုကိုပေးရမှာ မဟုတ်ပါဘူး။ ကျွန်မနဲ့ ရကတည်းက ကိုကိုက ဘာများ ကျွန်မအတွက် ပေးရသေးလို့တုန်း" ဟု ရင်ရင်မြက ကြားဖြတ်ပြောလိုက်လေသည်။

ဘသိန်းသည် စိတ်ဆိုးသွားလေသည်။ သူ့အသံသည် ကျယ်လာလေသည်။

"အေး ငါအလုပ်မှမရတာ ဘယ်တတ်နိုင်ပါ့မလဲကွ။ ဘာပြုလို့ အလုပ်မရသလဲသိလား။ မင်းတို့လိုမိန်းမတွေက တို့အလုပ်တွေကို လုယူကုန်လို့ကွ သိလား။ ဘယ်နေရာဖြစ်ဖြစ် ကြည့်စမ်း မိန်းကလေးတွေချည်းပဲ။ အလုပ်ရှင်တွေကလည်း မိန်းကလေးမှ ခန့်ချင်တယ်။ အစိုးရအလုပ်တွေမလဲ ဒီလိုပဲ။ မင်းကော ဘာပြုလို့ အလုပ်မလုပ်နိုင်သလဲ လုပ်ချင်ရင် ရမှာပေါ့။ တော်ပါလေ တော်တော်ကြာ ဗိုက်ကြီးနေတာနဲ့ လုပ်နိုင်မှာ မဟုတ်ပါဘူး"

သူသည် တံခါးကို ဂျောင်းခနဲ ပိတ်ပြီးလျှင် ထွက်သွားလေသည်။ အပြင်တွင် သူနှင့် သောင်းသောင်း ရယ်သွားသံကိုလည်း ကြားလိုက်ရသည်။ ရင်ရင်မြသည် အိပ်ရာပေါ်တွင် မှောက်လိုက်လေသည်။ သူသည် ငိုရဖန်များ၍ မငိုနိုင်တော့။ မျက်ရည်တွေအများကြီး ထုတ်ပစ်နေ၍လည်း အကျိုးမထူး၊ ခေါင်းသာလျှင်ကိုက်သည်။

သူသည် သူ့ရင်သွေးကလေးအတွက်လည်း စဉ်းစားရဦးမည်။

ထိုနေ့ည သူ့ယောကျ်ားကို ညဉ့်နက်သည်အထိ စောင့်မျှော်နေသည်။ ဘသိန်းကား ပေါ်မလာ နောက်တစ်နေ့ညတွင်လည်း ပြန်မလာ။ နောက်တစ်နေ့တွင်လည်း မမြင်ရ။ တတိယမြောက်သောနေ့တွင် စာတစ်စောင်ရောက်လာလေသည်။

ထိုနေ့တွင် သူသည် အခြားလမ်းတစ်ခုတွင်ရှိသည့် သူ့မိတ်ဆွေအဒေါ်ကြီး ဒေါ်လှမေအိမ်သို့ သွား၍ ပြန်လာသောအခါ တံခါးဝတွင် ကျနေသည့်စာကို တွေ့ရလေသည်။ ဘသိန်းသည် သူမရှိတုန်း လာထားသွားဟန်တူသည်။

ရင်

ဒီစာကို ရင် ဖတ်နေတဲ့အချိန်တွင် ကိုယ်ရန်ကုန်မြို့ကြီးမယ် မရှိတော့ဘူးလို့ မှတ်ပေတော့။ ရင်တော့ ဝမ်းသာမှာပဲ။ ကိုယ့်အတွက် ရင် တာဝန်ပေါ့သွားတာပေါ့။ ကိုယ်တော့ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် ထွက်သွားပြီ။ ရောက်တဲ့နေရာမယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရရင်လည်း ဝင်လုပ်နေမယ်။ ရင်တော့ ကိုယ် မရှိတုန်း ဖြစ်သလိုသာ နေထိုင်ပေတော့ ရေစက်မ ကုန်သေးရင်လည်း ပြန်တွေ့ကြဦးမှာပေါ့။

ဘသိန်း

ရင်ရင်မြ၏ စာရွက်ကိုင်ထားသောလက်ကလေး များသည် ဆတ်ဆတ်တုန်နေလေသည်။ သူ့ နီထွေးသော နှုတ်ခမ်းပါးကလေးများကိုလည်း ဖြူဖွေးသည့် သွားက လေးများနှင့် ကိုက်ထားလေသည်။ သူ့ရှေ့တွင်သူလျှောက် ရမည့် ရှည်လျားသည့် ဘဝခရီးလမ်းကြောင်းကြီးကို မျှော် ၍ ကြည့်နေလေသည်။ သည်လမ်းမကြီးကို သူလျှောက် နေ၍ အကျိုးထင်ဦးမည်လော။ လျှောက်ရကျိုးနပ်ပါမည် လော။

အချစ် အချစ် ရင်ရင်မြအတွက် အချစ်ကို ဖုတ် ကြည်းသဂြိုဟ်လိုက်လေပြီ... အချစ်သည် သူ့အား ပြောင် လှောင်နေလေသည်။ အချစ်သည် သူ့အဖို့ လုံးဝအနှစ်သာ ရမရှိ။ ယောကျ်ား ယောကျ်ား ယောကျ်ားသည် ရင်ရင်မြအ ဖို့ ကြောက်စရာသတ္တဝါဖြစ်သည်။ ဘသိန်းသည် သူ့အား ယောကျ်ားဆိုသည် ဘယ်လိုသတ္တဝါမျိုးဖြစ်ကြောင်းကို လက်ထပ်သင်သွားလေသည်။ သူသည် မည်သည့်အချစ် ကိုမှ မယုံနိုင် မည်သည့်ယောကျ်ားကိုမှလည်း မချစ်နိုင်။

သည်လိုဆိုလျှင် ဘာရည်ရွယ်ချက်သည် မျှော်လင့် ချက်ကင်းသည့် ဘဝခရီးကို အပင်ပန်းခံ၍ သွားနေဦးမည် နည်း။ အချစ်စိတ်ခြောက်ခန်း၍ မျှော်လင့်ချက်ကင်းမဲ့နေ လျှင် လောကတွင် အသက်ရှင်နေ၍ အကျိုးမထင်။

သို့သော် သူ့ရင်သွေးကလေး ရှိသေးသည်။ သည် ချစ်မေတ္တာစိတ်ကား တစ်မျိုးဖြစ်သည်။ သည်အချစ်ကို ကား သူ့လက်မှ မည်သူမည်ဝါမှ လုမယူနိုင်။ သူ့အတွင်း သဏ္ဍာန်တွင်ရှိသည့် ချစ်မေတ္တာရေစင်ကို သူ့ရင်သွေး ကလေးအပေါ်သို့သာ အားသွန်၍ ပက်ဖြန်းတော့မည်။

မျှော်လင့်ချက် အလင်းရောင်ကင်းလျက် မှောင်နှင့် မည်းမည်း ဖြစ်နေသည့် ဘဝခရီး လမ်းကြောင်းကြီးကို သူ့ရင်သွေးကလေးသည် မျှော်လင့်ချက် အလင်းရောင်ဖြင့် ထိန်ထိန်ပြောင်အောင် ထွန်းညှိလိမ့်မည်။ ခလုတ်ကန်သင်း ပေါ်များထူထပ်လှသည့် လမ်းကြောင်းကို သူတို့သားအမိ နှစ်ယောက် အတူလျှောက်ကြသည်။ သူတို့သားအမိနှစ် ယောက်သည် လောကကြီးကို ရဲရဲတင်းတင်းမျက်နှာမူ မည်။

သူသည် ဆရာမကြီးပြောလိုက်သည့် စကားများကို ပြန်၍သတိရလေသည်။

"မိခင်က ရွှင်လန်းမှ ရွှင်လန်းသည့် သားကိုရမည်" သူသည် ချိုချိုပြုံးနေသည့် ကလေးကိုလိုချင်သည်။ ကမ္ဘာ ပေါ်တွင် မည်သည့် အနဂ္ဃထိုက်တန်သည့် ပစ္စည်းကိုမှ သူမလိုချင်။ တစ်ပွေ့တစ်ပိုက်ကြီး ရွှင်ရွှင်ပြုံးနေသော ရင်သွေးကိုသာ အမြင်ချင်ဆုံး ဖြစ်လေသည်။

သူသည် ဘသိန်း၏စာကိုပစ်ချ၍ သီချင်းဆိုလေ သည်။ သူ့သီချင်းသံကြောင့် သူ့ရင်သွေးသည် သူ့ဝမ်းတွင်း မှ ပျော်ရွှင်နေပေလိမ့်မည်။ သူ့အတွေးနှင့် သူဖြစ်သည်။ သို့သော် သူ့သီချင်းသံသည် ရှိုက်သံဖြင့် အဆုံးသတ်လေ တော့သည်။ သူဘာဖြစ်လို့ ငိုမိပါလိမ့်။ သူငိုမိသည်ကိုပင် သူရယ်ချင်လှသည်။ သူသည် စိတ်ကိုတင်း၍ သီချင်းကို ခပ်တိုးတိုးဆိုနေပြန်လေသည်။

သူ့ကိုယ်သူ စိတ်ချမ်းသာအောင် နေမည်၊ စိတ်ညစ် စရာတွေကို မေ့ပစ်လိုက်မည်။ သူစိတ်ပျော်မှ ဝမ်းတွင်းမှ ရင်သွေးလည်း ပျော်ရွှင်မည်။ သို့မှ ရွှင်ပျသည့် ကလေးကို သူရမည်။ သို့ကြောင့် သူသည် ပျော်နေလိုက်လေသည်။

* * *

နံနက် (၈) နာရီခန့်ဖြစ်သည်။

ပန်းချီဆရာ ကိုစောမောင်သည် ဆေးတံကိုသာ တစ်ဆုံပြီးတစ်ဆုံ ဆေးထည့်၍သောက်ရင်း ပက်လက်ကု လားထိုင်ပေါ်တွင် မိန်းကာ နောက်တစ်ကြိမ် ပန်းချီပြပွဲတွင် တင်ပြမည့် ပန်းချီကားအကြောင်းကို စဉ်းစားနေလေ သည်။

မနှစ်က ပန်းချီပြပွဲတွင် သူတင်ပြဖူးသည့် "ဖြူပြာ မှုယာ" ကားကြီးသည် အထူးနာမည်ရခဲ့သည်။ ထိုကား တစ်ခုတည်းကိုပင် ဝန်ကြီးချုပ်က တစ်ထောင်ပေး၍ ဝယ် ယူသွားသည်။ ငွေတစ်ထောင်ရသည်ထက် သူ့နာမည် ထွက်လာသည်ကို ပို၍ဝမ်းမြောက်နေလေသည်။ သတင်း စာအသီးသီးတို့ကလည်း သူ့ပန်းချီကားကြီးကို ဓာတ်ပုံ များနှင့်တကွ ချီးကျူးကြလေသည်။ သူ့အကြောင်းကို လည်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားကြလေသည်။ သို့သော် ပန်းချီ လောကကြီးကမူ အသိအမှတ်မပြုချင်သေးသလိုလို မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာလွှဲနေကြသေးသည်။

"တစ်ခါတလေလည်း ကြက်ကန်းဆန်အိုးတိုးသွားတာပေါ့" ဟု အချို့ပန်းချီဆရာများ၏ ပြောသံကို သူကြားရလေသည်။

"သည်အသက်အရွယ်နဲ့ သည်လောက်တော်နေရင် နောက် သိပ်တိုးတက်လာမှာပဲ" ဟူ၍လည်း ချီးမွမ်းကြသည်။

သို့ကြောင့် သည်နှစ် ပန်းချီပြပွဲတွင် သူ့နာမည်ကို အရယူဖို့လိုသည်။ သည်နှစ်မှ သူမတိုးနိုင်လျှင် ကြက်ကန်းနှင့်ဆန်အိုး စကားပုံသည် သူ့အဖို့ မှန်သလိုဖြစ်သွားလိမ့်မည်။ ဒီနှစ်ပြပွဲတွင် သူတင်ပြမည့်ပန်းချီကားအား "ဖြေလည်း ပြေပါနိုင်" ဟူသောအမည်ဖြင့်ဆွဲမည့် ပန်းချီကားဖြစ်လေသည်။ သူရေးဆွဲလိုသည့် ပုံပန်းသဏ္ဌာန်ကို သူ့မျက်စိထဲမှာတော့ သူ မြင်ပြီးဖြစ်သည်။ သို့သော် တကယ်ရေးဆွဲသောအခါ၌ သူ့မျက်စိထဲမှပုံသည် ကားပေါ်တွင် ပေါ်မလာ။ သူသည် သူလိုသည့်ရုပ် သူ့မျက်စိထဲတွင် မြင်နေသည့်အမူအရာရှိသည့် မိန်းကလေးများကို လိုက်၍ ရှာနေလေသည်။ သို့သော် မလွယ်ကူလှ။

ကိုယ်အနေအထား အချိုးအစားကျနလှပသည့် မိန်းကလေးများကို သူတွေ့သည်။ ဒီလိုမိန်းကလေးမျိုးကား အများအပြားရှိလေသည်။ တစ်နာရီကို တစ်ဆယ်လောက်ပေးလိုက်လျှင် သူ့ရှေ့တွင် သူနေစေချင်သလို လာ၍နေမည်ဖြစ်သည်။ သို့သော် မျက်နှာကလေးလှရုံ၊ အချိုးအစားပြေပြစ်ရုံနှင့် သူ့ "ဖြေလည်း ပြေပါနိုင်"အတွက် မလုံလောက်သေး။ အခကြေးငွေယူ၍ ပန်းချီဆရာတို့အတွက် ပုံရေးဆွဲရန် အနေအထားအမျိုးမျိုးနှင့် အသုံးတော်ခံနေကျ မိန်းကလေးများသည် ပြောစရာမရှိအောင် ပြေပြစ်ကြပါသည်။ သို့သော် သူလိုသည့်အမူအရာမျိုးကား သူတို့တွင် ရှာမတွေ့။

သူ့"ဖြေလည်းပြေပါနိုင်"သည် လှနေရုံနှင့်မပြီး။ ရုပ်ပုံ၏ အတွင်းစိတ်ကိုပင် သက်မဲ့မျက်လုံးအစုံမှ မြင်နိုင်သည့် ပုံမျိုးကို ဆွဲလိုသည်။ အသက်ငယ်ငယ်နှင့် ဒုက္ခတည်းဟူသော ချောက်ကြားတွင် ဆင်းရဲအမျိုးမျိုးနှင့်တွေ့ဆုံ၍ ခက်ခက်ခဲခဲ ကျော်တက်ခဲ့ရသည့် မိန်းမချောကလေးတစ်ယောက် ဖြစ်ရမည်။ သူခံစားတွေ့ကြုံရသည့် ဒုက္ခအသွယ်သွယ်၏ အရိပ်အရောင်သည်လည်း သူ့ကြည်လင်သည့် မျက်လုံးအစုံတွင် ကျန်ရှိနေရမည် ဖြစ်လေသည်။ ချစ်စရာကောင်းသည့် မျက်နှာကလေးတွင် ဆွေးရောင်နှင့်သတ္တိရောင် ယှက်သန်းနေရမည်ဖြစ်လေသည်။

သူလိုချင်သည့် အနေအထား အမူအရာတွေကို ကြေးစားမိန်းကလေးများအား ရှင်းလင်းပြောပြသောအခါ ခေါင်းခါ၍ ဆုတ်ခွာကြသည်သာများလေသည်။ တစ်ခါတစ်ရံ သူလိုသည့်အမူအရာကို လုပ်ကြမည်ဟုဆိုသော မိန်းကလေးများသည် တကယ်လက်တွေ့ကြသောအခါ မဟန်သဖြင့် အကြီးအကျယ် စိတ်ပျက်ရလေသည်။

သူသည် ဆေးတစ်ဆုံ ကုန်ပြန်သဖြင့် နောက်တစ်ဆုံထပ်၍ ထည့်နေစဉ် လှေကားမှ တက်လာသောခြေသံကို ကြားရလေသည်။ သတင်းစာလာပေးသည့် သူငယ်မနှင့်တူသည်။ လွန်ခဲ့သော ၁၅ ရက်လောက်ကမှ လာပေးနေကျ သူ့မိတ်ဆွေကိုဘိုးထူးက "မိမိ တောပြန်ဦးမည်ဖြစ်၍ သူငယ်မကလေးတစ်ယောက်ကို လွှဲခဲ့မည့်အကြောင်းကို ပြောသွားသည်။ သူနှင့်သူငယ်မကလေးလည်း အတွေ့အကြုံ နည်းလှသည်။ နံနက်စောစော တစ်ခါတစ်ရံ သူအိပ်ရာမှ မထသေးလျှင် သတင်းစာကို တံခါးကြားတွင် ထိုးထားခဲ့သည်။တစ်ခါတစ်ရံ သူ ပန်းချီဆွဲနေစဉ် လာပို့သည်။ လှမ်းမယူအားသော် စားပွဲပေါ်တွင် တင်ခဲ့သည်။ ဝါးခမောက်နနကလေးဆောင်း၍ အမြဲလိုလို ခေါင်းငုံ့ထားသဖြင့် သူ့မျက်နှာကို အသေအချာ မမြင်ဖူးချေ။

ခြေသံသည် နီးလာပြီးလျှင် တံခါးခေါက်သံကို ကြားရလေသည်။

"ဝင်ခဲ့လေ" ကိုစောမောင်က ပြောလိုက်သည်။

တံခါးရွက်ကလေးသည်ပွင့်လာပြီးလျှင် ဝါးခမောက်နနကလေးဆောင်းကာ သတင်းစာတွေကို ပွေ့ထားသည့် သူငယ်မကလေး ဝင်လာလေသည်။ သူသည် တံခါးဘက်သို့ မျက်နှာမူ၍ ထိုင်နေသောကြောင့် သူငယ်မ၏မျက်နှာကို အသေအချာ မြင်ရလေသည်။ သူ့မျက်ခုံးကလေးများသည် မို့နေလေသည်။ နီရောင်သမ်းနေသည့် မျက်လုံးအိမ်တွင် မျက်ရည်တွေ ဥနေလေသည်။

သူငယ်မသည် သတင်းစာတစ်စောင်ကို လှမ်းပေးလေသည်။ ကိုစောမောင်သည် လှမ်းယူရင်း သူငယ်မ၏ မျက်နှာကို စိုက်ကြည့်နေလေသည်။ သူသည် ငိုထားသည့် မျက်နှာကို မျက်တောင်မခတ် ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်မသည် လှည့်၍ ထွက်သွားလေသည်။ ကိုစောမောင်သည် ငိုင်နေရာမှ "သူငယ်မ" ဟု ခေါ်လိုက်လေသည်။

သူငယ်မသည် ပြန်လှည့်လိုက်လေသည်။

"ဘာပြုလို့လဲ သူငယ်မ" သူဒီလို မေးမှပင် မျက်ရည်တွေ ဖြိုင်ဖြိုင် ကျလာလေတော့သည်။

"ဟင် သူငယ်မ ဘာပြုလို့ ငိုနေသလဲ၊ နေမကောင်းဘူးလား၊ ဘာဖြစ်သလဲ" ကိုစောမောင်က ပျာပျာသလဲ မေးလေသည်။ သူငယ်မသည် ရှိုက်ကြီးတငင် ငိုနေလေသည်။

"နေကောင်းပါတယ်" ရှိုက်သံကြားမှ ဖြေလေသည်။

ဦးစောမောင်သည် နေရာမှထ၍ သူငယ်မလက်ထဲမှ သတင်းစာတွေကိုယူကာ စားပွဲပေါ်တွင် တင်လိုက်လေသည်။ သူငယ်မကိုလည်း လက်မောင်းကိုကိုင်ကာ မေး၍ ကုလားထိုင်ပေါ်တွင် ထိုင်စေလေသည်။ သူငယ်မသည် ရှိုက်မြဲရှိုက်နေလေသည်။

"သူငယ်မ နေဦး၊ အစ်ကိုကြီး ကော်ဖီဖျော်လိုက်ဦးမယ်"

"နေပါစေ အစ်ကိုကြီး ကျွန်မ ပြန်မှဖြစ်မယ်"

"မဟုတ်ဘူးလေ ကော်ဖီပူပူလေး သောက်လိုက်ဦးမှပေါ့"

"ကြာနေမယ် အစ်ကိုကြီး။ ကျွန်မကလေး နေမကောင်းလို့ တစ်ညလုံး မအိပ်ရဘူး" သူငယ်မသည် တုန်တုန်ရီရီနှင့် ပြောလေသည်။ ကိုစောမောင်လည်း တုန်လှုပ်သွားလေသည်။

"မင့်ကလေး၊ မင့်မယ် ကလေးရှိသလား"

သူသည် သူငယ်မကို စိုက်၍ကြည့်နေလေသည်။

"အေး… မင်းကလေး သိပ်နေမကောင်းဘူးလား၊ ဟုတ်လား ပြောစမ်း ပြောစမ်း ဘယ်လိုဖြစ်တာလဲ" ပျာပျာသလဲ မေးပြန်လေသည်။

"ဟုတ်တယ်။ သိပ်ကိုယ်ပူနေပါတယ်။ တစ်ညလုံး မအိပ်ရဘူး။ အခုလည်း ကျွန်မ ထွက်လာရပေမယ့် စိတ်မချရဘူး။ အဒေါ်ကြီးတစ်ယောက်နဲ့ ထားခဲ့ရတယ်"

"အေး ကလေး ပစ်ထားခဲ့လို့ ဘယ်ဖြစ်မလဲကွယ်"

"ဘယ့်နှယ့်လုပ်မလဲ တစ်နေ့လုပ်မှ တစ်နေ့စားရတာ"

"ကဲ ကဲ ကော်ဖီလေး သောက်လိုက်ဦး အစ်ကိုကြီး ဖျော်လိုက်ဦးမယ်"

"နေပါစေ အစ်ကိုကြီး။ ဒီသတင်းစာတွေ မြန်မြန်လိုက်ရောင်းပြီး အိမ်မြန်မြန်ပြန်မှဖြစ်ပါမယ်"

"အို ဒါကိစ္စမရှိပါဘူး။ အစ်ကိုကြီးကြည့်စီစဉ်လိုက်ပါမယ်။ အိမ်ကိုသာပြန်ပါ။ အားလုံး ဘယ်လောက်ဖိုးလောက် ရှိသလဲ"

"နေပါစေ အစ်ကိုကြီး ကျွန်မ သွားပါရစေ"

"မသွားရဘူး။ ဒီသတင်းစာတွေအကုန်လုံး အစ်ကိုကြီး ဝယ်လိုက်မယ်။ ဒါမှမဟုတ်လည်း မင်း ယူနေကျလူတွေဆီကို လိုက်ပေးဖို့ လူတစ်ယောက်လွှတ်လိုက်မယ်။ မင်း အိမ်ပြန်ဖို့သာလုပ်ပေတော့။ မပြန်ခင် ကော်ဖီကလေးသာ သောက်လိုက်ဦး"

ကိုစောမောင်သည် ကော်ဖီတစ်ခွက် ဖျော်ယူလာလေသည်။ သူငယ်မသည် ကော်ဖီသောက်နေစဉ် ကိုစောမောင်သည် သူ့မိတ်ဆွေ ဆရာဝန် ဦးဘဖေကို တယ်လီဖုန်းနှင့် စကားပြောနေလေသည်။

"အိုင်ဆေး ကိုဘဖေ အလုပ်များနေသလား"

"ဟုတ်ကဲ့ အခုပဲ အမယ်ကြီးတစ်ယောက်ကို သွားကြည့်မလို့"

"ဘာရောဂါလဲဗျ"

"ဘာရောဂါမှတော့ မဟုတ်ဘူးဗျ။ သူ့ကိုယ်သူ ရောဂါရှိတယ် ထင်နေတဲ့အမယ်ကြီးပဲ။ မရှိပါဘူးပြောလို့ ယုံတာမဟုတ်ဘူး။ ဒီတော့ သူ့အရှိန်နဲ့သူ သွားနေပေစေဆိုပြီး လွှတ်ထားလိုက်တယ်။ ပိုက်ဆံဝါလားကြီးပေါ့။ သူ့ကို သုံးရက်တစ်ခါ ဆေးသွားထိုးပေးနေရတယ်။ တစ်လတစ်လ သူ့ဆီက အိမ်လခလောက်တော့ ရတာပေါ့။ ဒီလိုလူတွေသာမရှိရင် ကျုပ်တို့ မဂိုလမ်းကဆေးဆိုင်တွေ ပိတ်ထားရတော့မှာပဲ"

"ဒါနဲ့ ကိုဘဖေ ကလေးတစ်ယောက်ကို လာကြည့်စေချင်တယ်ဗျာ"

"မဖြစ်သေးဘူးထင်တယ်။ မိန်းမကြီးဆီ အရင်သွားရမယ်ဗျ။ စိတ်ဆိုးနေဦးမယ်"

"အခု ကျွန်တော်ပြောတဲ့ကလေးက ပစ္စည်းမဲ့လူတန်းစားထဲကပါဗျာ။ သူ့အမေကလည်း ခင်ဗျာ့ ဆေးဖိုး

www.burmeseclassic.com

www.burmeseclassic.com



ဝါးခတော့ ပေးနိုင်လိမ့်မယ် မဟုတ်ဘူး"

ခဏမျှ ငြိမ်သက်နေလေသည်။ ကိုစောမောင်သည် ဆရာဝန်၏အဖြေကို တထိတ်ထိတ်နှင့်စောင့်နေလေသည်။

"ကောင်းပြီဗျာ လာခဲ့မယ်။ ဘယ်လာခဲ့ရမလဲသာ ပြောပေတော့..."

သူသည် သူငယ်မ၏ အမည်နေရပ်များကို မေး၍ တယ်လီဖုန်းနှင့်ပင် ချက်ချင်းပြန်ပြောလိုက်လေသည်။

"ရင်ရင်မြ မင်္ဂလာလမ်း အိမ်နံပါတ်(.....)"

* * *

ဒေါက်တာဘဖေသည် သုံးရက်လုံးလုံး ကလေးနားမှ မခွာဘဲ ပြုစုနေလေသည်။ ပန်းချီဆရာ ကိုစောမောင်လည်း ဟိုပြေးဒီပြေးနှင့် ဒေါက်တာအလိုရှိသည်များကို အရန်သင့်ရအောင် ဆောင်ရွက်ပေးလေသည်။ အဒေါ်ကြီး ဒေါ်လှမေကိုကား လူမမာနားသို့ အကပ်မခံဘဲ ပြင်ပအလုပ်ကိစ္စများကိုသာ လုပ်စေလေသည်။ ရင်ရင်မြသည် မျက်ရည်မကျတော့ဘဲ သူ့ရင်သွေးနားမှ မအိပ်မနေပြုစုနေလေသည်။

"ကဲ သူငယ်မ စိတ်ချရပါပြီ" ဒေါက်တာဘဖေက သုံးရက်မြောက်သောနေ့ကျမှ ပြောလေသည်။

"ကိုစောမောင် သူငယ်မလည်း အတော်ဖားနေပြီ အိပ်ပါစေဦးဗျာ။ တော်တော်ကြာ သူပါလဲနေမှာစိုးရတယ်။ ကျုပ်တို့လည်း ပြန်လိုက်ကြဦးစို့" ဒေါက်တာက ပြောရင်းဆိုရင်း နေရာမှ ထလေသည်။

ရင်ရင်မြသည် သူတို့နှစ်ယောက်အား ပြုံး၍ကြည့်ကာ–

"ဆရာတို့၊ အစ်ကိုတို့ ကျေးဇူးကို ဘယ်လိုဆပ်ရပါ့မလဲ" ဟု ပြောလိုက်လေသည်။

"ဒါတွေကို မစဉ်းစားပါနဲ့။ ကလေးလည်း စိတ်ချရပြီ။ အနားယူပြီးတစ်ရေးတစ်မော အိပ်လိုက်ပါဦး။ လူကြီးပါ လဲနေမှ ခက်မယ်" ဟု ဆရာဝန်က ပြောလေသည်။

သူတို့နှစ်ယောက်သည် အပြင်သို့ထွက်လာကြလေသည်။ ဆရာဝန်သည် သူ့ဂျစ်ကားပေါ်တွင် ကိုစောမောင်ကိုပါတင်ကာ မောင်းလာခဲ့လေသည်။

"ကဲ- ကိုဘဖေ ဘယ်လောက်ကျသလဲ ကျွန်တော် တစ်ခါတည်း ရှင်းလိုက်ချင်တယ်"

ပန်းချီခန်းသို့ရောက်သောအခါ ကိုစောမောင်က စ၍ မေးလေသည်။

ဒေါက်တာဘဖေသည် ဦးထုပ်ကို စားပွဲပေါ်တွင်တင်ရင်း "ဟော့လူ ခင်ဗျားပါးစပ်ကို အသာပိတ်ထားစမ်းပါ" ဟု ပြောလေသည်။

"မဟုတ်ဘူးဗျ။ ကျသင့်သလောက် ကျွန်တော်ပေးပါရစေ"

"အသာနေစမ်းပါဗျာ၊ လျှာရှည်မနေစမ်းပါနဲ့။ ဒီမိန်းကလေးက ဘယ်သူလဲဗျ" ဟု သူ ပြန်၍ မေးခွန်းထုတ်လိုက်လေသည်။

"သူလား သတင်းစာရောင်းတဲ့ သူငယ်မလေးဗျ။ ကျွန်တော့်ဆီကို နေ့တိုင်း သတင်းစာလာလာပို့နေတာပေါ့။ တစ်နေ့က သူ့အကြောင်းကို ဒေါ်လှမေကြီးကို နည်းနည်းတောက်ကြည့်တယ်။ စမ်းချောင်းလမ်းထဲမယ် အစကနေသတဲ့ဗျ။ သူ့ ဒီကလေးကိုယ်ဝန် ၂ လလောက်ကတည်းက သူ့ယောကျ်ားက ပစ်သွားလို့ ခိုကိုးရာမဲ့ဖြစ်ပြီး သူနဲ့လာနေသတဲ့။ အဒေါ်ကြီးက အိမ်ဆိုင်လေးထွက်ပြီး တစ်ယောက်တည်းနေတော့ အဖော်ရရဆိုပြီး ထားတာပေါ့ဗျာ။ အစတုန်းကတော့ သူစွပ်ကျယ်စက်ထဲ အလုပ်လုပ်သေးတယ်။ နောက် ကိုယ်ဝန်လရင့်လာတော့ မလုပ်နိုင်တော့ဘူး။ မီးဖွားပြီးတော့ အဲဒီအလုပ်ကိုပဲ ပြန်လုပ်သေးတယ်။ ဒါပေမဲ့ တစ်နေ့လုံး သူ့ကလေးနဲ့ ခွဲမနေချင်တာနဲ့ မနက်ပိုင်းလောက်တင် အလုပ်လုပ်ရတဲ့ အလုပ်ကို လုပ်တာပဲတဲ့"

ဒေါက်တာသည် စီးကရက်ကိုဖွာရင်း နားထောင်နေလေသည်။ ကိုစောမောင်သည် ဆက်လက်၍ သူနှင့်စတွေ့ပုံကို ပြောပြလေသည်။

"အင်း ဒီလိုချောတဲ့မိန်းကလေးမျိုး ကျုပ်တို့ မြန်မာထဲမှာ ရှားတယ်ဗျ။ ကိုယ်လုံးကိုယ်ပေါက်လည်း တယ်ပြေပြစ်တယ်။ ကျွန်တော်က သူ့ကလေးတော့ စိတ်ချရပါပြီလို့ ပြောလိုက်တော့ သူကျွန်တော့်ကို ကြည့်လိုက်တဲ့အကြည့်မျိုးကို ကျွန်တော် မေ့နိုင်မှာမဟုတ်ဘူး။ ကျွန်တော့်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ဒီလိုအကြည့်မျိုးထင်ပါရဲ့ဗျာ၊ ကမ္ဘာတစ်သိန်းတန်တယ်ဆိုတာ"

ဒေါက်တာသည် အားရပါးရကြီးပြော၍ စီးကရက်မီးခိုးတွေကို မှုတ်ထုတ်လိုက်လေသည်။

"ဆင်လိုက်ပြင်လိုက်ရင် ဒီ့ထက်လှလာမှာပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကပင် ဆက်၍ပြောနေလေသည်။ ကိုစောမောင်ကား ဆေးတံနှင့်ပင် မှိန်းနေလေသည်။

ခဏမျှကြာသောအခါ ဒေါက်တာဘဖေ နှုတ်ဆက်၍ ပြန်သွားလေသည်။ ကိုစောမောင်သည် အပြီးမသတ်သေးသည့် ကားချပ်တစ်ခုကို ဆက်၍ခြယ်နေလေသည်။

နောက်တစ်နေ့နံနက်တွင် ရင်ရင်မြသည် သတင်းစာတွေနှင့် ကိုစောမောင်အခန်းထဲသို့ ဝင်လာလေသည်။ သူသည် အရင်တုန်းကလို ခေါင်းငုံ့၍မလာ ခေါင်းကို ခပ်မတ်မတ်ထားကာ ပြုံး၍ဝင်လာလေသည်။

"ကလေး ဘယ့်နှယ့်နေသေးလဲ" သတင်းစာကို လှမ်းယူရင်း ဦးစောမောင်က နှုတ်ဆက်လိုက်လေသည်။

"နေကောင်းပါပြီ အစ်ကိုကြီး" သူ့မျက်နှာကို စိုက်ကြည့်ရင်း ဖြေလေသည်။ သူ့အကြည့်ကြောင့် ကိုစောမောင်၏ရင်သည် ဖိုလှိုက်လှိုက် ဖြစ်သွားလေသည်။

ကိုစောမောင်သည် ရင်ရင်မြနှင့် တွေ့ပြီးကတည်းက သူကြိုးစားပန်းစားရေးဆွဲမည့် "ဖြေလည်းပြေပါနိုင်"ကို မေ့သလိုလိုဖြစ်နေလေသည်။ မတွေ့မနေ ရှာကြံနေသည့် သက်ရှိ ဖြေလည်းပြေပါနိုင်ရုပ်ကိုပင်ကြံရန် သတိမရတော့။ အစမသတ်သေးသည့် ပန်းချီကားများကိုသာ ဆက်၍ဆွဲနေလေသည်။ သို့သော် စိတ်ပါလက်ပါမရှိလှသဖြင့် စုတ်တံကိုချ၍ ဆေးတံနှင့်သာ မှိန်းနေလေသည်။ သူမှုတ်ထုတ်လိုက်သည့် ဆေးတံမီးခိုးများထဲတွင်လည်း ကြည်ကြည်ပြုံးနေသည့် ရင်ရင်မြမျက်နှာကလေးကို မြင်နေလေသည်။

"ရင်ရင်မြကို ပုံတူဆွဲရရင် ကောင်းမလား"

သူသည် အိပ်ရာမှ ထထချင်း စဉ်းစားမိလေသည်။ သို့သော် သူ့အား ပန်းချီခုံပေါ်သို့ လာထိုင်ရန် ပြောလို့မှ ကောင်းပါ့မလား။ သူ့ကလေးကို ဆေးကုပေးတာ ဒီလိုဟာမျိုး ခိုင်းချင်လို့ပဲဟု ထင်သွားလျှင် သူစိတ်ဆင်းရာမည်။ ငါ့ကိုလည်း သူအထင်သေးသွားမည်။

ကိုစောမောင်သည် တောင်တွေးမြောက်တွေး တွေးနေစဉ် ရင်ရင်မြသည် သတင်းစာတွေ ပိုက်၍ဝင်လာလေသည်။

သူသည် နေ့တိုင်းကဲ့သို့ပင် သရက်ထည်လုံချည်အနီကလေးနှင့် အပေါ်စားပဒုမ္မာအင်္ကျီကလေးကို ဝတ်ဆင်ထားလေသည်။ သူသည် သတင်းစာတစ်စောင်အား ကိုစောမောင်၏လက်သို့ လှမ်းပေးရင်း ပြုံးလိုက်လေသည်။

"ထိုင်ပါဦးလားကွဲ့" သူ့ကို မကြည့်ဘဲ ကိုစောမောင်က ပြောလေသည်။

ရင်ရင်မြသည် ချက်ချင်းပင် ကုလားထိုင်တစ်ခုပေါ်တွင် ဝင်၍ထိုင်လိုက်လေသည်။

"ရင်ရင် ဟောဟိုခုံပေါ်မှာ ခဏထိုင်ပါလားကွဲ့။ အစ်ကိုကြီး ရင့်ပုံကို ကြည့်ဆွဲချင်လို့" ကိုစောမောင်က ညင်ညင်သာသာ ပြောလေသည်။

"ထိုင်မယ်လေ အစ်ကိုကြီး ဘယ်လိုထိုင်ရမယ်ဆိုတာသာ ပြပေးပါ"

သူသည် သတင်းစာများကို စားပွဲပေါ်တွင်ချကာ ခုံပေါ်သို့ ခပ်သွက်သွက်တက်သွားလေသည်။

ကိုစောမောင်သည် သူ့ကို ကြည့်နေလေသည်။ ရင်ရင်မြသည် မီးလုံးကြီးများတပ်ဆင်ထားသည့် ပန်းချီခန်းကြီးနှင့် တစ်ပိုင်းတစ်စ ဆွဲထားသည့် ပုံများကို ပတ်ချာလည် ကြည့်နေလေသည်။

"မဟုတ်ဘူးလေ အစ်ကိုကြီး သဘောကျသလိုပြော"

"ဒါနဲ့ အရင်က ဒီပန်းချီခန်းထဲမှာ ပုံတူကူးဆွဲဖို့များ ထိုင်ဖူးသလား"

"ဟင့်အင်း၊ တစ်ခါမှ မထိုင်ဖူးဘူး"

ကိုစောမောင်သည် သူ့အနားသို့ ကပ်လာလေသည်။

"အင်း... အစ်ကိုကြီးခိုင်းရင်လေ" သူသည် ရှက်ပြုံးကလေးပြုံးလိုက်လေသည်။

ကိုစောမောင်သည် ရင်ရင်မြပါးကလေးကို လက်ညှိုးကလေးတစ်ချောင်းတည်းနှင့် တို့လိုက်လေသည်။

"မလိုသေးပါဘူး ရင်ရင်ရယ် ဒီမျက်နှာလေးနဲ့ ပခုံးလေးလောက်ရရင် တော်ပါပြီ"

ရင်ရင်မြသည် သူ့ပန်းချီဆရာလေးအတွက် သူ အကူအညီပေးရ၍ ရွှင်လေသည်။ ပထမအကြိမ် မီးရောင်တွေ ထိန်ထိန်ထိုးနေသည့် ပန်းချီခုံပေါ်တွင် ထိုင်ရသည့် မိန်းကလေးအတွက် လွယ်လှသည်မဟုတ်သည်ကိုလည်း သူသတိရသည်။ သို့သော် ရင်ရင်မြသည် သူ့ပန်းချီဆရာကလေးအား အထောက်အပံ့ရမည်ဆိုလျှင် မည်သည့်ကိစ္စကိုမဆို နောက်မတွန့်ဘဲ ဆောင်ရွက်မည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးကို သူ့စိတ်တွင်းက ပန်းချီဆရာကလေးအား အပိုင်အပ်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဖြစ်လေသည်။

ကိုစောမောင်သည် ဒီလိုထိုင်ပေးသည့်အတွက် အခကြေးငွေ ပေးချင်သည်။ ဒီလိုနေ့စဉ်နေ့တိုင်း သတင်းစာရောင်းနေသည်ကိုလည်း သူမကြည့်လို။ ပုံဆွဲရန်အတွက်လာရောက် "ပုံပြ"သည့်အတွက် တစ်နာရီကို ငါးကျပ်လောက်ပေးရရင် ကောင်းမလားဟု စဉ်းစားမိပြန်သည်။ တစ်နေ့ကို သူက နှစ်နာရီလောက် ယူမည်။ အခြားပန်းချီဆရာများထံသို့လည်း အလိုရှိက ထောက်ခံချက် ရေးပေးဦးမည်ဖြစ်သည်။ သည်လိုဆိုလျှင် သူတို့သားအမိနှစ်ယောက် သတင်းစာမရောင်းတော့ဘဲ ချောင်ချောင်လည်လည် စားသောက်သွားနိုင်မည်ဖြစ်သည်။

သို့သော် သည်အကြောင်းကို ရင်ရင်မြအား ပြောရ၍မဖြစ်။ သူသည် သူကြိုက်သလို ပန်းချီခုံပေါ်တွင် ထိုင်၍ပေးသည်။ သူအလိုရှိသလောက် မငြိုမငြင် ပုံဆွဲခံလေသည်။ ကိုစောမောင်ကလည်း ရင်ရင်မြ ဘယ်လိုနေနေ သဘောကျပြီး ဖြစ်နေလေသည်။ သို့သော် ကိုစောမောင်ထံမှ အခကြေးငွေကို သူလုံးဝလက်မခံလို။ သတင်းစာရောင်းသည့် အလုပ်ကိုပင်
ဆက်လက်လုပ်ကိုင်နေလေသည်။

"ဒီလိုဆိုရင်တော့ မဖြစ်ဘူးမြ။ နေ့စဉ်နေ့တိုင်း ပိုက်ဆံတစ်ပြားမှမယူဘဲ လာပြီးဒုက္ခခံနေရင်တော့ မဖြစ်ဘူး" ကိုစောမောင်က တစ်နေ့သောအခါ စ၍ပြောလေသည်။

"အို အစ်ကိုကြီး အစ်ကိုကြီးအတွက် ကျွန်မထိုင်ပေးပါရစေ အစ်ကိုကြီးရယ်။ အစ်ကိုကြီးကို ဒီလိုအကူအညီပေးရတာ မြဖြင့်သိပ်ပျော်တာပဲ အစ်ကိုကြီးဆီက အခယူရင် မြ ပျော်တော့မှာ မဟုတ်ဘူး။ မြ ကြေးစားဖြစ်သွားမှာပေါ့။ အစ်ကိုကြီးအတွက် မြကူညီပါရစေ အစ်ကိုကြီးရယ်။ တစ်ခါတစ်လေ မောင်ရဲမြင့်လေးပါ ခေါ်လာခဲ့ပါမယ်"

"အေး အဲဒါလည်း ကောင်းသားပဲ ခေါ်ခဲ့နော်။ အစ်ကိုကြီး သူ့ဖို့ ပုခက်ကလေးတစ်လုံး ဝယ်ခဲ့မယ်။ ဒီအခန်းထဲမှာပဲ သူ့ကို သိပ်ထားနိုင်တာပဲ"

ကလေးလေးကို ပိုက်နေသည့် ရင်ရင်မြပုံကို ပုံတူဆွဲရန် စိတ်ကူးထားမိလေသည်။

* * *

နေ့စဉ်နေ့တိုင်း ကိုစောမောင်သည် ရင်ရင်မြကို ရှေ့တွင်တင်ကာ ပုံဆွဲလျက်ရှိသည်။ တစ်ခါတစ်ရံ ရဲမြင့်ကလေးသည် ကိုစောမောင်ဝယ်ပေးသည့် ပုခက်ကြီးပေါ်တွင် အိပ်လျက် တစ်ခါတစ်ရံ အခန်းတွင်း ကြမ်းပြင်ပေါ်တွင် လေးဘက်တွား၍ ကစားနေလေသည်။ ဒီလိုအခါမျိုးတွင် ရင်ရင်မြသည် သူ့ရာဇဝင်သူ ကိုစောမောင်အား ပြောပြနေတတ်လေသည်။

သူသည် မော်လမြိုင်သူကလေး ဖြစ်သည်။ သူ့မိဘများသည် သူဆယ့်ခြောက်နှစ်အရွယ်ခန့်တွင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို တစ်လအတွင်း သေကုန်ကြသည်။ သူသည် မောင်နှမသားချင်းကင်းလျက် လောကအလယ်တွင် တစ်ကိုယ်တည်းကျန်ခဲ့ရာ အဒေါ်တစ်ယောက်အိမ်တွင်နေစဉ် လူမွှတ်ဘသိန်းနှင့်သွားတွေ့လေသည်။ ဘသိန်းသည် ရင်ရင်မြတို့လို မနူးမနပ် အပျိုပေါက်ကလေးများကို ဘယ်လိုအရယူရမည်ကိုသိပြီးဖြစ်သည်။ ဘသိန်းသည် ရင်ရင်မြအား သူ့အဒေါ်များအလစ်တွင် ရန်ကုန်သို့ခိုးခဲ့လေသည်။ ရန်ကုန်ရောက်စက သူ့ကို ဘသိန်းယုယသလောက် ကြာလေပေါ့လေ ဖြစ်လာခဲ့ရာ နောက်ဆုံးကွဲကြ၍ ရဲမြင့်လေးကို သူအမွေရလိုက်လေသည်။

"မြတော့ ယောကျ်ားဆိုတဲ့အသံကိုတောင် မကြားချင်တော့ဘူး"

ရင်ရင်မြသည် ခုံပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်နေရင်း ပြောလိုက်လေသည်။

"အဲဒါ ဟိုတုန်းကမဟုတ်လားမြ၊ အခုတော့ ဒီလိုမဟုတ်ဘူးမဟုတ်လား"

ကိုစောမောင်ကလည်း ရင်ရင်မြပုံကို ခြယ်နေရင်းကမေးလိုက်လေသည်။ ရင်ရင်မြသည် ချက်ချင်းမဖြေဘဲ ပြုံးနေလိုက်သည်။ သူ့မျက်လုံးအစုံမှ အရောင်တို့သည် ရွှန်းရွှန်းတောက်နေလေသည်။

"အစ်ကိုကြီးနဲ့ ဟိုဆရာဝန်တို့လို ကောင်းတဲ့ယောကျ်ားတော့ ကမ္ဘာပေါ်မယ် ရှိမယ်မထင်ပါဘူး" အတန်ကြာမှ ပြောလေသည်။

ကိုစောမောင်သည် ရင်ရင်မြကို ကျီစယ်ရန် ရည်ရွယ်ထားသော်လည်း ထိုခဏ၌မေ့သွားလေသည်။ သို့သော် သူသည် ရင်ရင်မြ၏အမူအရာကို ကမန်းကတန်းအမိဖမ်း၍ ကူးယူနေလေသည်။ ဒီအမူအရာမျိုးနှင့် ဒီအကြည့်မျိုးသည် ကုဋေတစ်သိန်း တန်လေသည်။ ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်သည့်အကြည့်မျိုးသည် ဒီအကြည့်မျိုးဖြစ်သည်။

ရင်ရင်မြသည် ဘသိန်း သူ့အပေါ်၌ မည်မျှဆိုးပုံ၊ ဟိုဆရာမကြီးဆီမှ ပြန်လာသည့်နေ့က အခြားမိန်းမတစ်ယောက်နှင့်တွေ့ရပုံ၊ သူကိုယ်ဝန်ရှိသည့်အကြောင်းကို ပြောပြသောအခါ မည်သို့မည်ပုံ ပြန်ပြောင်းပြောဆိုပုံများနှင့်တကွ အိမ်မှထွက်သွားပြီး ပြန်မလာတော့ဘဲ စာတစ်စောင် ရောက်ရှိလာပုံတို့ကိုပါ ပြောပြနေလေသည်။

"ဒါဖြင့် မြဟာ လွတ်လွတ်လပ်လပ်ပေါ့"

"ဘာလဲ အစ်ကိုကြီး" ရင်ရင်မြသည် နားမလည်သလို ပြန်၍မေးလိုက်သည်။

"ကာမပိုင်မရှိတဲ့ မိန်းကလေးတစ်ယောက်ပေါ့"

"ဒါ မပြောနိုင်ဘူး အစ်ကိုကြီး။ သူပြန်လာချင်လာမှာ"

"မြကို မပေါင်းချင်လို့ သူထွက်သွားမှဟာ မြဟာကိုယ်သဘောကျတဲ့လူရှိရင် အိမ်ထောင်ပြုနိုင်တာပေါ့"

"မဖြစ်ဘူးထင်တယ် အစ်ကိုကြီး သူပြန်လာရင် ရန်ရှာလိမ့်မယ်"

ဒီနေ့တွင် ဒီလောက်နှင့် စကားပြတ်သွားကြသည်။

တစ်နေ့သောအခါတွင် ကိုစောမောင်သည် သူ့ကားချပ်ကြီးနားတွင် ရပ်ကာ ခုံပေါ်မှ ရင်ရင်မြကို ရွှန်းရွှန်းစားစားကြီး ကြည့်နေလေသည်။

"မြ…မြဟာ မြင်သူငေးလောက်အောင် လှတယ်ဆိုတာ သိရဲ့လား"

သူသည် လူရှောအသံပါ တုန်ရီ၍ မေးလိုက်လေသည်။ ရင်ရင်မြကလည်း ခပ်စောင်းစောင်းကလေး ကျိတ်၍ ပြုံးလိုက်လေသည်။

"ဟုတ်လား ဒီလိုဆိုရင် မြ သိပ်ဝမ်းသာတာပဲ"

"ဘာပြုလို့ ဝမ်းသာတာလဲ"

"ဘာပြုလို့လဲဆိုတော့ အစ်ကိုကြီးက မြကို သိပ်လှနေစေချင်တာကိုး။ အစ်ကိုကြီးအလိုဆန္ဒကို မြ သိပ်ဖြည့်ချင်တာပဲ"

ကိုစောမောင်သည် အသက်ရှူများပင် မှားသွားလေသည်။ သူဒီလိုပြောလိုက်ခြင်းသည် ကျေးဇူးတင်လွန်းလို့လော။ ကျေးဇူးတင်ကာမျှပင်လော။ ဒီအထဲတွင် မိန်းကလေးက ယောကျ်ားအပေါ်တွင် ထားအပ်သည့် မေတ္တာစိတ်ကလေးများ ပါမပါ၏လော။ ယခုရင်ရင်မြထိုင်သောပန်းချီခုံပေါ်တွင် မိန်းမပျိုပေါင်း မရေမတွက်နိုင်အောင် လာရောက်၍ သူ့ရှေ့တွင် အနေအထား ပြဖူးကြပေပြီ။ သူတို့သည် သူ့အား သူတို့ရုပ်ရဲ့ အမျိုးမျိုးတို့ဖြင့် အလိုစမ်းခဲ့ကြလေသည်။ ရင်ရင်မြကား ဒီလိုမဟုတ်၊ ခပ်ရိုးရိုးပင် သူခိုင်းသမျှကို မငြိုမငြင် လိုက်လုပ်နေလေသည်။

"မြ ယောကျ်ားတစ်ယောက်ဟာ မြရှေ့မှာ နေ့တိုင်း ရပ်ပြီး မြပုံကို ကူးဆွဲနေရလို့ရှိရင် မြကိုမချစ်ဘဲ နေနိုင်ပါ့မလား။ မြရေ ဘာပြောပြော အစ်ကိုကြီးတော့ မြကို ချစ်နေပြီ။ အဲဒါ ဘယ့်နှယ့်လုပ်မလဲ"

"အို…အို… မြကို မချစ်ပါနဲ့ အစ်ကိုကြီးရယ်"

ရင်ရင်မြသည် ချက်ချင်း ငိုပစ်လိုက်လေသည်။ ကိုစောမောင်သည် ကပျာကသီနှင့် ရင်ရင်မြဆီသို့ ပြေးသွားပြီးလျှင် သူ့ကိုယ်ကလေးကို ခုံမြင့်ပေါ်မှ ပွေ့ယူကာ တစ်ဖက်နံရံတွင် မှီထားသည့် နှစ်ယောက်ထိုင်ဆိုဖာကြီးဆီသို့ ယူသွားလေသည်။ ရင်ရင်မြသည် သူ့မျက်နှာကို ကိုစောမောင်၏ရင်ခွင်တွင် ဝှက်၍ရှိုက်နေစဉ် ကိုစောမောင်သည် သူ့ကို တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလေသည်။

"မြ… မြ… အစ်ကိုကြီး မှားသွားတယ် စိတ်မဆိုးပါနဲ့ကွယ်။ တိတ်ပါ တိတ်ပါ အစ်ကိုကြီး မိုက်တာပဲ။ မြ… အစ်ကိုကြီးကို စိတ်ဆိုးသလား"

"စိတ်မဆိုးပါဘူး အစ်ကိုကြီး"

သူသည် မျက်ရည်တွေ ရွဲနေသည့် မျက်လုံးကြီးများနှင့် ရင်ခွင်ထဲမှနေ၍ ကိုစောမောင်ကို မော့်ကြည့်နေရင်း ပြောသည်။

"အစ်ကိုကြီး ဘာပြောပြော မြ စိတ်မဆိုးပါဘူး။ အစ်ကိုကြီးက မြကို ချစ်တယ်ဆိုတော့ မြ သိပ်ဝမ်းသာတာပေါ့။ အစ်ကိုကြီး မြကို ချစ်ပါစေလို့ အမြဲဆုတောင်းနေတာပဲ"

ကိုစောမောင်သည် တုန်နေလေသည်။ သူသည် ရင်ရင်မြ မျက်နှာကလေးကို သူ့အသည်းနှင့်အပ်ခါ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်ပြန်သည်။ ရင်ရင်မြ၏ မျက်လုံးတို့သည် ဝမ်းသာခြင်းဖြင့် ရွှန်းရွှန်းတောက်လာသည်ကိုလည်း သတိထားမိသည်။ ဆွေးရိပ်ဆွေးရောင်တို့သည် သူ့မျက်လုံးများတွင် မရှိတော့ချေ။

"မြ အစ်ကိုကြီးကို ချစ်တယ်လား"

"ချစ်တာပေါ့ အစ်ကိုကြီးရယ်။ ဒီကမ္ဘာပေါ်မယ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးကို မြ အချစ်ဆုံးဆိုတာ အစ်ကိုကြီး သိပြီးသား မဟုတ်လား"

သူသည် အခန်းကြီးကို ကြည့်လိုက်လေသည်။ မောင်ရဲမြင့်ကလေး အိပ်နေသည့် ကျွန်းသားပုခက်ကြီးဆီသို့ သူ့မျက်စိရောက်သွားလေသည်။

"မောင်ရဲမြင့်ထက် ချစ်သလား" ကိုစောမောင်က ရုတ်တရက်မေးလိုက်သည်။

သူသည် လှပစွာ ပြုံးလိုက်သည် "အစ်ကိုကြီးကလည်း မြရဲ့ရင်သွေး မောင်ရဲမြင့်လေးထက် အချစ်ပိုရမယ်လို့ မဆိုလိုဘူး မဟုတ်လား" ဟု ရင်ရင်မြက ပြုံးရင်းပြောလိုက်လေသည်။

"မြမြဟာ အစ်ကိုကြီးပြောတာကို နားမလည်ဘူးထင်တယ်။ အစ်ကိုကြီး မြကို ချစ်တယ်ဆိုတာ တကယ့်အချစ်၊ မိန်းမနဲ့ ယောကျ်ားနဲ့ ချစ်ကြတဲ့ အချစ်မျိုးကိုပြောတာ"

"ကိုကြီးကို ချစ်ပါတယ်"

ကိုစောမောင်သည် ပြုံးလိုက်လေသည်။

"ဘယ်တုန်းက စချစ်သလဲ။ ကျေးဇူးတင်တာက စချစ်တာမဟုတ်လား။ မြ ရင်သွေးလေး နေမကောင်းတာကို ဆရာဝန်ခေါ်ပေးလို့လား"

ရင်ရင်မြသည် ခေါင်းကို ညင်သာစွာရမ်းလိုက်လေသည်။

"ဟိုနေ့က သည်အခန်းထဲမယ် မြ ငိုပြီးတက်လာတော့ ဘာပြုလို့လဲသူငယ်မလို့ အစ်ကိုကြီးကမေးတယ်။ အဲဒီတုန်းကတည်းကပါပဲ။ အစ်ကိုကြီးလို ကျွန်မကို ဘယ်သူမှ မေးမယ့်လူမရှိဘူး"

သူသည် စကားပြောရင်း ကိုစောမောင်ထံမှခွာကာ သူ့ရင်သွေးအိပ်နေသည်ကို သွားကြည့်သည်။ နောက် စောင်ခြုံပေးခဲ့ပြီးလျှင် ပုခက်လွှဲပြီးနောက် အနီးရှိဆိုဖာကစ်ခုပေါ်တွင် ထိုင်နေလေသည်။

"အင်း အဲဒါ ကျေးဇူးတင်တာက စတာပေါ့"

ရင်ရင်မြသည် ခေါင်းခါပြလေသည်။

"သည့်အရင်ကတည်းကနဲ့ တူတာပဲ။ ဒီအခန်းထဲ သတင်းစာလာလာပေးနေတော့ အစ်ကိုကြီးကို နေ့တိုင်းလိုလို တွေ့ရတယ်။ တစ်ခါတလေ ဆေးတံသောက်နေတယ်၊ တစ်ခါတလေ ပုံဆွဲနေတယ်။ အဲဒီတုန်းကတော့ အစ်ကိုကြီးက မြကို ဂရုမစိုက်ပါဘူး။ မြလည်းပဲ အဲဒီတုန်းကတော့ အချစ်ကို ကြောက်နေတဲ့အချိန်ပေါ့။ အမှန်တော့ အချစ်ကို နားမလည်သေးဘူးပေါ့"

"အခုတော့ နားလည်ပြီပေါ့နော်မြ"

"မြ အရင်တုန်းက ဒီလို တစ်ခါမှ မချစ်ဖူးဘူး"

ချုပ်တည်းထားအပ်သော ယောကျ်ားစိတ်တို့သည် တစ်မုဟုတ်ချင်း အစိတ်စိတ်အမြွာမြွာ ပြိုကွဲကုန်သည်။ ကိုစောမောင်သည် နေရာမှထကာ ရင်ရင်မြ၏ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ဆွဲယူလိုက်ပြီးနောက် တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ပွေ့လိုက်လေသည်။ သူ့ရင်ခွင်ကြားတွင် ရောက်နေသည့် ရင်ရင်မြ၏ နဖူး၊ ဆံစ၊ ပါး၊ လည်ပင်းတို့ကို တရစပ် နမ်းရှုံ့နေလေတော့သည်။

ရင်ရင်မြသည် ကိုစောမောင်အား အသာအယာ ပြန်၍ ဖက်ထားလိုက်လေသည်။

"မြနဲ့ အစ်ကိုကြီးနဲ့ လက်ထပ်ကြစို့နော်"

ရင်ရင်မြသည် မျက်တောင်ကလေးစင်း၍ ကြည့်နေလေသည်။

"မဖြစ်ဘူးအစ်ကိုကြီးရယ်"

"ဘယ့်နှယ့် မဖြစ်ရမလဲ အစ်ကိုကြီး မြကို သိပ်ချစ်နေပြီ။ ဘယ်နည်းနဲ့မှ နောက်ဆုတ်လို့ မရတော့ဘူး။ အစ်ကိုကြီးဟာ မြကို မချစ်မီကတည်းက ဒီလိုမဖြစ်ရအောင်လို့ တစ်နေရာရာကို ထွက်သွားဖို့ကြံမိသေးတယ်။ ဒါပေမဲ့ မြနဲ့ ခွဲခွာသွားဖို့ စဉ်းစားမိရင် အသည်းတွေ ကြွေတော့မလို ဖြစ်ခဲ့တယ်။ ဒါကြောင့် အစ်ကိုကြီးတော့ မြကို ယူရလိမ့်မယ်"

"အစ်ကိုကြီး မြကို ချစ်တယ်မဟုတ်လား"

"မေးနေရသေးသလားကွယ်"

"ဒီလိုဆိုရင် ပြီးနေမယ့်ဟာပဲ အစ်ကိုကြီးရယ်"

"မြပြောတာ အစ်ကိုကြီးနားမလည်ပါဘူး"

* * *

ကိုစောမောင်သည် ရင်ရင်မြက သူ့ကိုချစ်သည်ဆိုသည်မှာ ဘယ်လိုပြောပြော သံသယမကင်း ဖြစ်နေလေသည်။ တကယ့်မေတ္တာစစ်နှင့် ချစ်တာမှ ဟုတ်ပါရဲ့လား။ သူ့သားလေးကို အသက်ကယ်တဲ့ လူတစ်ယောက်အနေနဲ့ ကျေးဇူးတင်ရာမှအစ ချစ်လာရတဲ့ အချစ်မျိုးလား၊ ဒီအချစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို သူမလိုချင်။ ကျေးဇူးတရားတည်းဟူသော အသိုင်းအဝိုင်းတွေကင်းသည့် ဖြူစင်ကြည်လင်သည့် အချစ်မျိုးကိုသာ သူခံစားလိုသည်။

"မြ တကယ်လို့များ မောင်ရဲမြင့်လေးကို ဆေးကုပေးတဲ့ ဆရာဝန်ဦးဘဖေက မြကို ချစ်တယ်ဆိုရင် မြ ဒီလိုပဲ ပြန်ချစ်မှာလား"

နောက်တစ်နေ့တွင် ပုံဆွဲနေရင်း ကိုစောမောင်က ရင်ရင်မြကို မေးလိုက်လေသည်။

ရင်ရင်မြသည် ပန်းချီခုံပေါ်တွင် ထိုင်နေရင်းက ခေါင်းကိုညင်သာစွာ ရမ်းလိုက်လေသည်။

"သူဟာ မြ ရင်သွေး မောင်ရဲမြင့်လေးရဲ့ အသက်ကို ကယ်ဆယ်တဲ့လူ မဟုတ်လား။ အစ်ကိုကြီးက သူ့ကို ခေါ်ပေးရုံ ခေါ်ပေးတာပဲ။ မြအပေါ်မယ် သူ့ကျေးဇူးက အစ်ကိုကြီးထက် မကြီးပါလား"

"ဆရာဝန်ကြီးက ဘာမဆိုလုပ်ခိုင်းရင် မြ ဆက်လုပ်ပေးမှာပဲ။ ဒါပေမဲ့..." သူသည် ရှေ့ကို စကားမဆက်ဘဲ ရပ်နေလေသည်။

"ဘာလဲ မြအချစ်ကိုတော့ သူ့ကိုမပေးနိုင်ဘူးလား။ မြ သူ့ကို မချစ်ဘူးလား" ဟု ကိုစောမောင်က ဆက်၍မေးပြန်သည်။

"ချစ်ပါတယ်။ မောင်ရဲမြင့်နဲ့ အစ်ကိုကြီးကလွဲရင် သူ့ကို အချစ်ဆုံးပဲဆိုတာ အစ်ကိုကြီးသိမှာပေါ့"

ဒီစကားကို ကြားသောအခါ ကိုစောမောင်သည် ယောက်ျားကြီးတန်မဲ့နှင့် ဝမ်းသာသွားလေသည်။

သူသည် ရင်ရင်မြအား ပွေ့ချီ၍ ပန်းချီခုံပေါ်မှ ယူလိုက်လေသည်။

"ဒါလောက် ချစ်စရာကလေးကို ပစ်သွားတဲ့လူများ ရှိသေးတယ်နော်" ဟု ပြောရင်း ကိုစောမောင်သည် ရင်ရင်မြ၏ပါးကလေးကို ဘယ်ပြန်ညာပြန် မွှေးနေလေသည်။ ရင်ရင်မြသည် ကိုစောမောင်၏ လည်ပင်းကို ပြန်ဖက်ရင်း မျက်တောင်ကလေး စင်းနေလိုက်လေသည်။

"မြရယ် မြယောကျ်ားဟာ မြဆီ ပြန်လာတော့မှာ မဟုတ်ပါဘူး။ အစ်ကိုကြီးကို လက်ထပ်ပါတော့လား ကွယ်။ နက်ဖြန်ခါ တရားသူကြီးတစ်ယောက်ရှေ့မှာ သွားပြီး လက်ထပ်ကြမယ်"

"အစ်ကိုကြီးသဘောလေ"

"တကယ်နော် အစ်ကိုကြီးကို ချစ်တယ်မဟုတ်လား မြ"

"အို အစ်ကိုကြီးရယ် ဘယ်နခါပြောရမလဲ။ လက်ထပ်ထပ်၊ မထပ်ထပ် ဘယ်သူက ဘာပြောပြော မြတော့ အစ်ကိုကြီးကို ချစ်နေတာပဲ"

"မြ အခု အစ်ကိုကြီးတို့ လိုက်ရမယ့်လမ်းက သုံးလမ်းရှိတယ်။ ပထမလမ်းက လက်မထပ်ဘဲ အတူတူ ပေါင်းသင်းနေထိုင်ဖို့၊ နောက်တစ်ခုက လူသိနတ်ကြား လက်ထပ်ပြီး ပေါင်းသင်းနေထိုင်ဖို့နဲ့ နောက်တစ်ခုကတော့ တစ်ယောက်နဲ့တစ်ယောက် ပြန်မတွေ့မယ့်နေရာကို ထွက်သွားကြဖို့ပဲ"

"ဒီလိုတော့ မသွားပါနဲ့အစ်ကိုကြီးရယ်။ ကျွန်မ ရင်တွေ သိပ်တုန်တာပဲ"

"အစ်ကိုကြီးလည်း ပြောသာပြောရတယ်။ မချိလှပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ဒါလောက်ကြီးချစ်နေကြပြီးမှ ခွဲရမယ်ဆိုရင် အစ်ကိုကြီးတော့ ဘဝဆုံးတာပဲ"

"မြလည်း ဒီလိုပါပဲ"

"ဒီတော့ နှစ်လမ်းကျန်တယ်"

"အစ်ကိုကြီးသဘောကျသလိုသာ စီမံပါ၊ မြ လိုက်နာပါ့မယ်"

"မြကို အစ်ကိုကြီး လက်ထပ်ယူမယ်"

"အစ်ကိုကြီး သူများမိန်းမခိုးရင် ဘာဖြစ်တတ်သလဲ"

"ထောင်ကျတတ်တာပေါ့"

ကဲ... အစ်ကိုကြီး တစ်ခွန်းတည်းမေးမယ်။ မြ အစ်ကိုကြီး စီမံတာကို နားထောင်မယ်မဟုတ်လား"

ရင်ရင်မြသည် ခေါင်းညိတ်လိုက်သည်။

"ဒီလိုဆိုရင် မြကို အစ်ကိုကြီး လက်ထပ်ယူမယ်"

"ချက်ချင်းတော့ မဟုတ်ဘူးနော် အစ်ကိုကြီး"

"ဘာပြုလို့ ရက်ဆွဲချင်နေရတာလဲ မြ"

"အစ်ကိုကြီးကျေးဇူး မြအပေါ်မယ် သိပ်ကြီးနေတယ်။ လက်မထပ်ခင် အစ်ကိုကြီးကို တစ်ခုခု ကျေးဇူးဆပ်ချင်သေးတယ်။ မြပုံ အစ်ကိုကြီး ဆွဲပြီးတဲ့အထိတော့ စောင့်ပါဦး အစ်ကိုကြီးရယ်"

"ဒါပဲလား ဒီလိုဆိုရင် နက်ဖြန်ခါ အပြီးဆွဲလိုက်မယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အို...အို ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ။ သူ့ ကြာသင့်သလောက်တော့ ကြာမှပေါ့။ ဒါမှ လက်ရာကောင်းတော့မပေါ့။ ဒီအရုပ်ကားကြီး ပြီးသွားလို့ ပြိုင်ပွဲတင်လိုက်ရရင် အစ်ကိုကြီးဘယ်လောက် နာမည်ကြီးသွားမလဲ။ ဒီလိုဆိုရင် မြလည်း အစ်ကိုကြီးအတွက် တတ်နိုင်တဲ့ဘက်က အကူအညီပေးရလို့ တစ်သက်လုံး ဝမ်းသာနေမှာပဲ"

ကိုစောမောင်သည် ရင်ရင်မြပုံကိုကြည့်ရင်း "ဖြေလည်း ပြေပါနိုင်"ကို ဆွဲလာခဲ့ရာ အတော်ရက်တွေညောင်းခဲ့လေပြီ။ သူသည် ဒီပုံကို ဆွဲရာ၌ စိတ်ပါမှသာ စုတ်တံကိုကိုင် ခဲ့သည်။ စိတ်မပါလျှင် အခြားသောပုံများနှင့်သာ စခန်းသွားနေတတ်လေသည်။

"ဖြေလည်း ပြေပါနိုင်"သည် တဖြည်းဖြည်း တိုးတက်လျက်ရှိသည်။ သို့သော် ကိုစောမောင်သည် အနည်းငယ်မျှ စိတ်ကျေနပ်ခြင်းမရှိ။ ရင်ရင်မြအဖို့ကား ပန်းချီအကြောင်းကို အနည်းငယ်မျှ နားမလည်သော်လည်း "ဖြေလည်းပြေပါနိုင်"သည် ကားကောင်းတစ်ခုဖြစ်သည်ဟု အထင်ရောက်နေလေသည်။ သူသည် သူ့ရုပ်ပုံထဲတွင် အခြားအခြားလှသော ရုပ်ပုံများ၌ မတွေ့မမြင်ရသည့် သဏ္ဌာန်အမူအရာကို ပေးသွင်းလျက်ရှိသည်ဟု သိလေသည်။ သူ့ရုပ်ပုံလှသွားကြောင့် သူ့ချစ်သူ နာမည်ကြီးလာတော့မည်ကို မြင်ယောင်နေလေသည်။ သူ့ကြောင့် သူ့ချစ်သူ ကျော်ကြားလာလျှင် သူသည် သေပျော်ပါပြီဟု အောက်မေ့နေလေသည်။

"မြ– မြ ဒီမယ်ကြည့်စမ်း။ ဘာပြုလို့ လက်ထပ်မယ့်ရက်ကို ဆွဲနေချင်သလဲ ဒေါက်တာဘဖေကများ မြကို ဘာပြောထားသလဲ"

ပုံဆွဲနေရာမှ ကိုစောမောင်သည် မျက်မှောင်ကြီးကုတ်ကာ ရုတ်တရက်မေးလိုက်လေသည်။

"သူပြောတာနဲ့ လက်ထပ်ဖို့ ရက်ဆိုင်းတာနဲ့ မဆိုင်ပါဘူး အစ်ကိုကြီးရယ်"

ရင်ရင်မြက ပြုံး၍ ဖြေလေသည်။

"ဒါဖြင့် သူက ဘာပြောသလဲ။ ဘာလဲ သူက ပန်းချီဆရာတွေဟာ စိတ်ကူးနဲ့ ရူးနေတဲ့လူတွေလို့များ ပြောသလား"

"ဒီလိုမပြောပါဘူး။ ဆရာဝန်ကြီးပြောတာကတော့ ပန်းချီဆရာများဟာ ပုံဆွဲခံတဲ့လူကို ချစ်ကြိုက်နေရင် သူ ဆွဲနေတဲ့ ပုံဟာ ပိုပြီးတော့ အသက်ပါတယ်တဲ့"

"အင်း ထားပေါ့။ မြပုံကို အစ်ကိုကြီးဆွဲနေတော့ အစ်ကိုကြီး မြကို ကြိုက်နေတယ်။ ပြီးတော့ကော..."

"ပြီးတော့ အဲဒီပုံဆွဲခံတဲ့ မိန်းကလေးတစ်ယောက်ဟာ ပန်းချီဆရာမိန်းမဖြစ်သွားရင် ပန်းချီဆရာဆွဲတဲ့ပုံဟာ သမီးရည်းစားဘဝတုန်းကဆွဲတဲ့ ပုံလောက် အသက်မပါတော့ဘူးတဲ့"

"အလကား ဒီဆရာဝန်က ပန်းချီအကြောင်းလည်း နားမလည်ဘဲနဲ့ ကိုယ့်မိန်းမပုံကိုယ်ဆွဲပြီး နာမည်ကျော်လာတဲ့ ပန်းချီတွေပြည့်လို့" သူပြောတာ မြ ယုံသလား"

"မယုံပါဘူး။ မြနဲ့အစ်ကိုကြီး အစဉ်ပျော်ရအောင်လို့ ဒီပုံဆွဲပြီးတဲ့အထိ စောင့်ပါလို့ ပြောတာပါ"

"ကဲ နေပါစေတော့လေ ... အစ်ကိုကြီးလည်း အလျင်မလိုတော့ပါဘူး။ မြပြောတဲ့အတိုင်းပဲ စောင့်ပါတော့မယ်။ ဒါပေမဲ့ တစ်ခုတော့ တောင်းပန်ချင်တယ်။ ဒီ သတင်းစာရောင်းတဲ့အလုပ်ကိုတော့ မြမလုပ်စေချင်တော့ဘူး။ အစ်ကိုကြီးဆီမှာလာပြီး အလုပ်လုပ်တဲ့အတွက် အခယူပါ"

ရင်ရင်မြသည် အသံထွက်အောင် ရယ်လိုက်ပြီးလျှင် သူ့ချစ်သူကို ကြည်ညိုလေးစားသော မျက်စိဖြင့် ကြည့်လိုက်လေသည်။

"မြတော့ သတင်းစာရောင်းရတာ သိပ်ပျော်တာပဲ။ မြ နည်းနည်းပိန်ပေမယ့် ဒါလောက်တော့ လုပ်နိုင်ပါသေးတယ်"

"မြ မပိန်ပါဘူး"

ကိုစောမောင်၏ ပန်းချီမျက်စိသည် ရင်ရင်မြ၏ တစ်ကိုယ်လုံးကို ကစားလိုက်လေသည်။

"မြကိုယ်လုံးကိုယ်ပေါက်က အနေတော်ပါပဲ။ အချိုးအစား အင်မတန်ကျတာပဲ"

ရင်ရင်မြသည် အနေရ၊ အထိုင်ရ ခက်သွားလေသည်။

"အစ်ကိုကြီးရဲ့ဇနီးဟာ သတင်းစာရောင်းတယ်ဆိုတာတော့ မကြိုက်ဘူး"

"မြ အစ်ကိုကြီးဇနီးမှ မဟုတ်သေးဘဲ"

"မဟုတ်ဘူးမြ၊ မြ အစ်ကိုကြီးကို လက်မထပ်ချင်သေးဘူးဆိုရင်လည်း အစ်ကိုကြီးအခပေးတာကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ပါ"

"အစ်ကိုကြီး၊ အစ်ကိုကြီးရှေ့မှာ ဒီလိုလာပြီးနေရတာ မြတစ်သက်နဲ့တစ်ကိုယ် အပျော်ဆုံးပဲ။ ဒီလိုပျော်နေတဲ့အချိန်ကို အစ်ကိုကြီးက ဘာပြုလို့ အခပေးပြီး ဖျက်ဆီးချင်ရတာတုန်း"

ကိုစောမောင်သည် ဘာမျှပြန်မပြောနိုင်တော့ချေ။ မပြောနိုင်တော့သည့်အဆုံးတွင် ရင်ရင်မြအနီးသို့ ကပ်သွားကာ အတင်းပွေ့ပိုက်၍သာ အထပ်ထပ်မွှေးနေလေတော့သည်။

* * *

"ငါ့တူမ ဒီကိစ္စမှာတော့ အတော် စိတ်ကူးလွဲတာပဲ။ ဘာပြုလို့ ဒါလောက်တောင် အချိန်တွေဖြုန်းနေသလဲ။ သူ့အလုပ်သူ့အကိုင်နဲ့ အင်မတန်ရိုးသားတဲ့ လူချောတစ်ယောက်ကို ဘာများ ငြင်းစရာရှိလို့လဲကွယ်။ အခုခေတ်မယ် မိန်းမအလွန်ပေါတယ်နော်။ ဘယ်လူပျိုမှ မုဆိုးမတစ်ယောက်ကို ဒါလောက်စွဲမှာ မဟုတ်ဘူး။ မုဆိုးမက ပိုက်ဆံရှိရင်တော့ မပြောတတ်ဘူး"

ဒေါ်လှမေသည် ရင်ရင်မြကို ထမင်းစားရင်း နားချနေလေသည်။

"ကျွန်မမုဆိုးမလို့ ဒေါ်ဒေါ် ဘယ့်နှယ့်ပြောနိုင်သလဲ"

ရင်ရင်မြက ခပ်အေးအေး ပြန်မေးလိုက်သည်။

"နှစ်နှစ်လောက် သတင်းမကြား ဘာမကြားနဲ့ဆိုရင် ရှိမယ်မထင်တော့ပါဘူး"

ရင်ရင်မြသည် ဒေါ်လှမေပြောလိုက်သည့်စကားကို ကြားယောင်နေလေသည်။

ထိုနေ့အဖို့ သူ့စကားများကိုသာ အဖန်တလဲလဲ စဉ်းစားနေလေသည်။ ကိုစောမောင်၏ ပန်းချီခန်းအတွင်း ပုံဆွဲခံနေစဉ်လည်း ဒီအကြောင်းတွေကိုသာ စဉ်းစားနေမိလေသည်။

"မြရေ ဘယ့်နှယ့်ဖြစ်နေမှန်းကိုမသိဘူး။ ပုံဆွဲရတာ သိပ်အားမရတာပဲ။ ပုံက အသက်ကိုမပါဘူး။ ဘယ်လိုပုံမျိုး ဖြစ်စေချင်တယ်ဆိုတာ အစ်ကိုကြီးသိတယ်။ အဲဒီပုံဟာ အစ်ကိုကြီး မျက်စိထဲမှာရှိတယ်။ ကိုကြီး မျက်စိမှိတ်ပြီး ကြည့်လိုက်ရင် ပေါ်လာတာပဲ။ ဒါပေမဲ့ ဆွဲလို့ကို မဖြစ်ဘူး"

ကိုစောမောင်သည် စုတ်တံကိုချရင်း ပြောနေလေသည်။

"ဒါဖြင့်လည်း နားဦးလေ။ စိတ်ရှည်ရှည်ထား ဆွဲပေါ့။ မြကိုတော့ အားမနာနဲ့နော် အစ်ကိုကြီးစိတ်ကြိုက်သာပြော။ ကဲ ကဲ အစ်ကိုကြီးဖို့ ကော်ဖီသွားဖျော်လိုက်ဦးမယ်။ ကလေးကြည့်လိုက်ဦးနော်" ရင်ရင်မြသည် ချော့ချော့မော့မော့ပြောရင်း မီးဖိုဘက်သို့ ဝင်သွားလေသည်။

ကိုစောမောင်သည် တစ်ခါတစ်ခါ မျက်နှာအိုနေတတ်သည်။ "ဖြေလည်းပြေပါနိုင်"ကားကြီးကလည်း စိတ်တိုင်းကျ ဖြစ်မလာသည့်ပြင် စီးပွားရေးကလည်း အနည်းငယ် ကျပ်တည်းစပြုလာလေသည်။ လွန်ခဲ့သောလများကမူ ပုံတူရေးဆွဲခများ အတော်အတန် ရရှိခဲ့သည်။ ပုံတူဆွဲလိုသူများသည်လည်း အများအားဖြင့် ဒေါက်တာဘဖေမှ တစ်ဆင့် လာတတ်ကြလေသည်။ ထိုသူများသည် ဒေါက်တာဘဖေ၏ မိတ်ဆွေများဖြစ်သည့်ပြင် လူချမ်းသာများဖြစ်ကြလေသည်။ သို့သော် ယခုအတောအတွင်းတွင် အတော်ပါးနေလေသည်။

ရင်ရင်မြသည် ကိုစောမောင်အား အစဉ်အားပေးလျက်ရှိသည်။ သူသည် ကိုစောမောင်သည် တစ်နေ့ကျော်ကြားသည့် ပန်းချီဆရာကြီးတစ်ယောက် ဖြစ်ရမည်ဟု ယုံကြည်ထားလေသည်။ ကိုစောမောင်တွင် သူ့အပြင် သည်အခန်းထဲသို့လာ၍ ပုံဆွဲခံကြသော မိန်းမများရှိသည်ကိုလည်း သူသိသည်။ သည်အကြောင်းများကို စဉ်းစားမိလျှင် သူ့ရင်ထဲတွင် တလှပ်လှပ်ဖြစ်၍ အသက်ရှူပြင် မှားတတ်လေသည်။ ကိုစောမောင်သည် အခြားပုံတူများကို ရေးဆွဲရန်ရှိသောအခါများတွင် ထိုနေ့အဖို့ သူ့အခန်းသို့ ရင်ရင်မြမလာရန် ပြောကြားထားတတ်လေသည်။

တစ်နေ့သောအခါ ကိုစောမောင်မရှိခိုက် ပန်းချီခန်းကို ရင်ရင်မြ ရှင်းလင်းနေစဉ် တစ်ဝက်တပျက် ရေးဆွဲထားသည့် မိန်းမပုံတစ်ခုကို သတိထား၍ ကြည့်နေမိလေသည်။ ပြည့်ဖြိုးသောမျက်နှာ၊ ညို့ဓာတ်ပါသော မျက်လုံး၊ နှာတံပေါ်ပေါ်၊ ရင်သားတင်းတင်း၊ သွယ်တန်းသော ပေါင်တံများနှင့် ရွက်ဖျင်ပေါ်မှ မိန်းမပျိုသည် သူ့ကို ပြောင်သလိုလို ပြုံးစနဲ့နဲ့နှင့် ကြည့်နေလေသည်။ သူ၏ရင်သည် တုန်လာလေသည်။ သက်ပြင်းချမိသည်။ နောက်နေ့များတွင် သူသည် စိတ်ထဲတွင် အလိုလိုဝမ်းနည်းပက်လက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။

သည်မိန်းမပုံကို သူ သည်အခန်းထဲမှာပဲ ကူးဆွဲမှာပဲ။ ပန်းချီဆရာတိုင်း ဒီလိုပါပဲလေ။ သူတို့တော့ ရိုးနေမှာပါပဲ။ တစ်ခါတုန်းကလည်း သူက ပြောဖူးသားပဲ" သူသည် သူ့စိတ်ကိုသူ ပြန်၍ဖြေနေလေသည်။ သို့သော် ဒီကိုယ်တုံးလုံးပုံသည် သူ့မျက်စိထဲမှ ထွက်၍မသွား။ ဒီလိုလှသည့် မိန်းမတစ်ယောက် သူ့ရှေ့မှာ သည်လိုလာထိုင်နေသည်ဟု သူတွေးမိတိုင်း ငိုချင်သလိုလို ရယ်ချင်သလိုလို အနီးရှိလူကိုပဲ ဆွဲရိုက်ချင်သလိုလို ဖြစ်နေလေသည်။

"ဒီမိန်းမဟာ လူကိုယ်တိုင်ကတော့ ဒီလောက်တောင် လှမှာမဟုတ်ပါဘူး။ ပန်းချီဆရာက လှအောင်ဆွဲထားလို့ လှနေတာပါ"

သူတစ်ယောက်တည်း ပြောနေလေသည်။

သူသည် ဒီအကြောင်းကိုပင် စဉ်းစားရင်းလာခဲ့ရာ ကိုစောမောင်အခန်း၏ လှေကားရင်းတွင် အရောင်စွန်းစွန်းတောက်နေသည့် ကားကြီးတစ်စီး ရပ်ထားသည်ကို တွေ့ရလေသည်။ နောက်ထိုင်ခုံတွင် မိန်းမတစ်ယောက် ထိုင်နေလေသည်။ အထက်တန်းစား အစေခံနှင့် တူလေသည်။ သူသည် လှေကားသို့ တက်မည်အပြုတွင် မိန်းမတစ်ယောက် ကိုစောမောင် အခန်းမှ ထွက်လာသည်ကို တွေ့ရလေသည်။ ခေတ်ဆန်ဆန်ဝတ်ဆင်ထားသည့် အသက်အစိတ်ခန့်ရှိ ထိုမိန်းမသည် ခပ်သွက်သွက်ဆင်းလာရာ ရင်ရင်မြက လှေကားဘေး ကပ်ပေးလိုက်ရလေသည်။ သူသည် ကားပေါ်သို့တက်ကာ ကိုယ်တိုင်မောင်းထွက်သွားလေ၏။ နောက်ခုံတွင်ထိုင်နေသည့်မိန်းမသည် ရင်ရင်မြကိုလည်ပြန်ကြည့်သွားလေသည်။

ကိုစောမောင်အခန်းတွင်းသို့ ရင်ရင်မြ ဝင်သွားသည်နှင့်တစ်ပြိုင်နက် ပျော်နေသည့် ကိုစောမောင်ကို တွေ့ရလေသည်။

"ဟန်ကြပြီ မြရေ၊ အိမ်လခပေးဖို့နဲ့ ဆေးဝယ်ဖို့တော့ ရပြန်ပြီ" ဟု ကိုစောမောင်က လှမ်း၍ပြောလေသည်။

"ဘယ်လိုဟန်ကျတာလဲ အစ်ကိုကြီး" လမ်းတွင် အိပ်ပျော်လာသည့် မောင်ရဲမြင့်ကို ပုခက်ထဲသို့ချရင်း ပြန်မေးလိုက်လေသည်။

"ခုတင်က လှေကားအဆင်းမှာ မတွေ့လိုက်ဘူးလား။ လေလွင့်နေတဲ့ အမျိုးသမီးများ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်လေ။ သူ့ပုံတူဆွဲဖို့ လာအပ်တယ်"

"သြော်... ဟုတ်လား အတော်ချောတယ်နော်"

ကိုစောမောင်သည် ခေါင်းညိတ်လိုက်သည်။

"သူ အပျိုလား အစ်ကိုကြီး" ရင်ရင်မြက ထပ်၍မေးလိုက်လေသည်။

"အပျိုပေါ့။ သူတို့လို မိန်းမမျိုးက ယောကျ်ားယူချင်စိတ် ရှိမယ်မထင်ပါဘူး။ အသင်းအပင်းကိစ္စတွေနဲ့ အချိန်ကုန်နေတာပါပဲ"

ရင်ရင်မြသည် ဒီအဆိုကို အနည်းငယ်မျှမယုံ။

"အစ်ကိုကြီး မြပုံကို ပြီးအောင်ဆွဲနော်" ဝမ်းနည်းသံနှင့် တိုက်တွန်းလိုက်လေသည်။

"ဆွဲမှာပေါ့မြရဲ့။ ပြိုင်ပွဲအတွက် အထူးဆွဲနေတာပဲ။ ဒီဒေါ်တင်တင်ကြည်ပုံကို မြန်မြန်ဆွဲမယ်။ ဒီလိုပုံမျိုးက မခက်ပါဘူး။ ခပ်လှလှကလေး ဆွဲပေးလိုက်ရင် သဘောကျမှာပဲ။ မြပုံကျတော့ ဒီလိုခပ်လှလှ ဆွဲလို့မဖြစ်ဘူး။ မြပုံက လှဖို့မလိုဘူး..."

"ဟင်... အစ်ကိုကြီး မြပုံကို အရုပ်ဆိုးအောင် မလုပ်ပါနဲ့နော်"

ကိုစောမောင်သည် ရယ်လိုက်လေသည်။

"လုပ်ချင်လို့လည်း မရပါဘူး။ မြကမှ အရုပ်မဆိုးဘဲဟာ။ သို့ပေမယ့် မြပုံက လှနေရုံနဲ့ မပြီးဘူး။ ဒီလိုဆိုရင် ခဏလေး ပြီးနိုင်တာပေါ့။ အစ်ကိုကြီးလိုချင်တာက မြရဲ့မျက်နှာပေါ်မှာ မျက်စိထဲမှာ အစ်ကိုကြီးမြင်ရတဲ့ အရိပ်အရောင်ကို လိုချင်တာ။ ဘယ်လိုဟာလဲဆိုတာ အစ်ကိုကြီး သိတယ်။ ဒါပေမဲ့ ဆွဲလို့ မဖြစ်ဘူး။ ဘာဖြစ်နေတယ် မသိဘူး"

"အဲဒါ မြ အနေအထိုင် အမူအရာ မတတ်လို့ ထင်တယ်နော်"

ရင်ရင်မြက ဝမ်းနည်းသလို ပြောလိုက်လေသည်။

"မဟုတ်ဘူးမြ အစ်ကိုကြီးလိုတာ။ မြကြောင့်မဟုတ်ဘူး။ အစ်ကိုကြီးလက်က စိတ်ရှိသလောက် မလိုက်နိုင်ဘူးလို့ ဆိုရမှာပဲ။ ဒါမှမဟုတ်ရင်လည်း အစ်ကိုကြီးက မြကို လက်ထပ်ချင်စိတ်တွေများနေ၊ မြကလည်း စောင့်ခိုင်း၊ ဒါကြောင့်မို့လား မသိဘူး"

ရင်ရင်မြသည် ဘာမျှမပြောဘဲ သူ့ကိုစောမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



သာ မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

* * *

နေ့ခင်းအချိန်ဖြစ်လေသည်။

ရင်ရင်မြသည် မောင်ရဲမြင့်ကလေးကို ဒေါ်လှမေနှင့် ထားခဲ့၍ ကိုစောမောင်၏လေ့ကားကို တက်ခဲ့လေသည်။ သူသည် ပိတ်ထားသည့်တံခါးကို ခပ်လှမ်းလှမ်းမှ မြင်ရသည်။ ကိုစောမောင် အပြင်ထွက်နေလိမ့်မည်ဟု မျှော်လင့်သည်။ သူအပြင်ထွက်လျှင်လည်း ရင်ရင်မြ ဝင်ချင်သောအခါတွင် ဝင်နိုင်ရန် သော့တစ်ချောင်း ပေးထားလေသည်။ တံခါးအနီးသို့ရောက်သောအခါ သော့ခလောက် ခတ်မထားဘဲ စေ့ရုံသာ စေ့ထားသည်ကို တွေ့ရလေသည်။ သူသည် တွေ၍ရပ်နေလေသည်။ အတွင်းမှလည်း ဘာသံမျှမကြားရချေ။

"အစ်ကိုကြီးတော့ တစ်ယောက်တည်း ပုံဆွဲနေမှာပဲ" သူ့စိတ်ထဲမှ ပြောနေလေသည်။

ရင်ရင်မြသည် စေ့ထားသည့် တံခါးကို အသာတွန်း၍ ဖွင့်လိုက်ပြီးလျှင် အခန်းတွင်းသို့ ညင်သာစွာ ဝင်လိုက်လေသည်။

သူသည် တံခါးဝနားတွင်ပင် ကြက်သေသေနေလေသည်။ ကျောက်ရုပ်ကြီးလို မတုန်မလှုပ် ပြူးကြောင်သောမျက်လုံးများနှင့် စိုက်ကြည့်နေလေသည်။

ကိုစောမောင်သည် သူ့ကိုကျောပေး၍ စုတ်တံကိုကိုင်ကာ စိတ်ပါလက်ပါ ပုံဆွဲနေလေသည်။ သူ့ရှေ့ပန်းချီခုံပေါ်တွင် မိန်းမပျိုတစ်ယောက် ထိုင်ကာ နောက်မှီကလေးကို မှီနေလေသည်။

သူမြင်ရသည့် မိန်းကလေးသည် တခါက အပြီးမသတ်သေးသည့် ကားပေါ်တွင် မြင်ရသူပင်ဖြစ်သည်။ သူ့ကိုယ်လုံးကိုယ်ပေါက်တို့သည် အချိုးအစားကျနလှသည်။ သူသည် ရင်ရင်မြ ဝင်လာသည်ကို မြင်သည်။ သူ့ခေါင်းကလေးကို မသိမသာငဲ့၍ကြည့်လိုက်သည်။ သူကလည်း စကားမပြော။ ရင်ရင်မြကလည်း တုံ့ဏှိဘော။ ကိုစောမောင်ကား ရင်ရင်မြဝင်လာသည်ကိုမသိ။

ရင်ရင်မြသည် သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းမသိ။ အသက်ရှူမှားကုန်သည်။ မူးမေ့လဲမသွားရန် အတော်ဂရုစိုက်ထားရသည်။ မိနစ်အနည်းငယ်အတွင်း သူသည် အခန်းအပြင်ဘက်တွင် ရောက်နေလေသည်။

လမ်းတစ်လမ်းလုံး သူ့စိတ်ကိုသူ ဖြေသွားသည်။

"ပန်းချီဆရာဆိုတာ ဒီလိုပဲ ပုံဆွဲကြရတာပဲ"

သို့သော် သူ စိတ်မပြေ။

"ကဲ...ညောင်းရင်လည်း ခဏနားဦးလေ ခင်ခင်ညွန့်"

ကိုစောမောင်သည် စုတ်တံကိုချရင်း ပြောနေလေသည်။

"ဆရာ ခုနင်က ဧည့်သည်တစ်ယောက် ဝင်လာတယ်" ခုံပေါ်မှပင် ခင်ခင်ညွန့်က ပြောလိုက်လေသည်။

"ဘယ်ကဧည့်သည်လဲ၊ ပုံဆွဲခံမယ့် မိန်းကလေးလား"

"ကျွန်မ ဘယ်သိမလဲ။ မိန်းမတစ်ယောက်ပဲ။ အတော်ချောသား၊ ပုံဆွဲခံမယ့် မိန်းကလေးတော့ ဟုတ်မယ်မထင်ဘူး။ အဝင်ဝနားမှာပဲ မလှုပ်မယှက်ကြီး ရပ်နေပြီး ပြန်ထွက်သွားတယ်။ အတော်စိတ်ထိခိုက်သွားသလားမသိဘူး။

ကိုစောမောင်သည် သူ့ဧည့်သည်အကြောင်းကို ဘာမျှဆက်၍ မစဉ်းစားချေ။ ထိုနေ့အဖို့ မိမိတွင် အခြားပုံများဆွဲရန် ချိန်းဆိုထား၍ ရင်ရင်မြအား မလာရန်ပြောဆိုထားပြီး ဖြစ်သဖြင့် ဧည့်သည်ဆိုသူသည် ရင်ရင်မြဟု အနည်းငယ်မျှ မထင်မိချေ။

နောက်တစ်နေ့တွင် ရင်ရင်မြ ခပ်စောစော ရောက်လာလေသည်။ နေ့တိုင်းလို ရွှင်ရွှင်ပျပျမရှိလှသည်ကို ကိုစောမောင် မရိပ်မိ။

ရင်ရင်မြပုံကို စ၍ဆွဲသောအခါမှ သူ ရင်ရင်မြကို အသေအချာ ကြည့်မိသည်။ ပန်းချီခုံပေါ်မှ သူ့ချစ်သူ၏မျက်နှာအနေအထားကို သဘောကျသလိုလို။ ခါတိုင်းနေ့များတွင် မတွေ့ရသည့် အရိပ်အယောင်ကို သူမြင်ရလေသည်။ သည်အရိပ်အယောင်သည် ဘယ်ကဲ့သို့ဟူ၍ ပြောမပြတတ်သော်လည်း သူလိုချင်နေသည့် အမူအရာဖြစ်သည်။ သူ ကြိုးကြိုးစားစား ရေးဆွဲနေသည့် "ဖြေလည်းပြေပါနိုင်"သည် ဒီလိုအမူအရာမျိုးနှင့်၊ ဒီလိုအရိပ်အယောင်မျိုးကို ပေါ်လွင်စေရမည်။

ရင်ရင်မြသည် သူနှင့်တွေ့စက သည်လိုအမူအရာမျိုးနှင့် ဖြစ်သည်။ မျက်လုံးကလေးများသည် ဆွေးရောင်

www.burmeseclassic.com

www.burmeseclassic.com



သန်းနေသည်။ မောင်ရဲမြင့်လေး မမာနေသည့်အကြောင်းကို သူပြောနေစဉ်က သည်လိုအမူအရာမျိုးနှင့်ဖြစ်သည်။

သို့သော် သူနှင့်တွေ့ပြီးသည့်နောက် သည်အရိပ်အယောင်တွေ အားလုံးပျောက်ကုန်သည်။ ကိုစောမောင်သည် ထို့ကြောင့် ပျော်ရွှင်နေသည့် ရင်ရင်မြကို ရှေ့တင်ကာ "ဖြေလည်း ပြေပါနိုင်"ကို ဆွဲခဲ့ရသည်။ သူလိုသည့် အရိပ်အယောင်နှင့် ဝေးခဲ့သည်။

ယနေ့မှ သူ့အလိုပြည့်တော့မည်ထင်သည်။ "ဖြေလည်း ပြေပါနိုင်"ကို ယနေ့ သူအသက်သွင်းမည်။

"အို...အို မြ ဘာဖြစ်လို့လဲ"

ရင်ရင်မြသည် ငိုနေသောကြောင့် ကိုစောမောင်သည် ပုံဆွဲမရပ်ဘဲ မေးလိုက်လေသည်။ မျက်ရည်ဥလေးများသည် တစ်လုံးပြီးတစ်လုံး ရင်ရင်မြ၏ နုထွတ်သည့် ပါးပြင်နှစ်ဖက်ပေါ်တွင် လိမ့်ဆင်းလာလေသည်။ သို့သော် သူသည် သူ့ချစ်သူပုံဆွဲပျက်သွားမှာစိုးသည်။ သူသည် မလှုပ်မယှက် ပကတိငြိမ်နေလေသည်။ ပါးစပ်ကိုစေ့ထားသည်။ မျက်တောင်ကိုပင် သူမခတ်။ သူ့မျက်နှာသည် မီးရောင်ဘက်သို့ လှည့်ထားသည်။ သူ့ ဆံစ၊ မျက်နှာ၊ မေး၊ ရင်အစရှိသည်တို့ကို ကိုစောမောင်၏ ပန်းချီမျက်စိသည် သိမ်းကျုံးဝါးမျိုထားလေသည်။ လှပသည့် ပုံသွင်တွင် ဆေးရောင်တွေ လွှမ်းနေလေသည်။

"မြ...မြ... မလှုပ်နဲ့နော်။ ဒီအတိုင်း...ဒီအတိုင်း ငို... ငို အားရပါးရငို။ အင်း... သို့ပေမဲ့ နေရာမရွှေ့စေနဲ့နော်"

ကိုစောမောင်၏ စုတ်တံသည် သွက်သွက်ကြီးရွေ့လျားလျက်ရှိသည်။ ရင်ရင်မြသည် ရှိုက်နေလေသည်။ သို့သော် နေရာမရွှေ့။ သူ့ချစ်သူရှေ့တွင် ဒီလိုရုပ်ပျက်ဆင်းပျက် ဖြစ်ရသည်ကို သူ ယူကျုံးမရဖြစ်မိသည်။ မငိုပါဘူးဟု အားတင်းသည်။ သို့သော်မရ။ မျက်ရည်တွေ ဖြိုင်ဖြိုင်ကြီး ကျနေလေသည်။ သူ့ကိုယ်သူ အပြစ်တင်မိသည်။ ဒီလိုပဲ သူ့ကိုယ်သူအကြောင်းပြ၍ မျိုသိပ်ခဲ့ပါသည်။ အခုတော့ အကုန်လုံး ပွင့်ကျကုန်ပါပြီ။

ကိုစောမောင်သည် စုတ်တံကိုချ၍ သူ့ဆီသို့ပြေးလာကာ ပန်းချီခုံပေါ်မှ သူ့ကိုယ်လေးကို ပွေ့ယူလိုက်လေသည်။ ဒီလိုသာမယူလိုက်လျှင်လည်း မဟန်နိုင်တော့ပြီ။ ခွေယိုင်ကာလဲကျလုမတတ် ဖြစ်နေရှာပြီ။

ကိုစောမောင်သည် သူ့ကိုဆိုဖာပေါ်သို့ ပွေ့ယူသွားပြီးလျှင် မျက်ရည်တွေ ရွှဲနေသည့် မျက်နှာကလေးအား အကြိမ်ကြိမ် မွှေးနေသည်။

"မြ... အစ်ကိုကြီးဟာ သိပ်ရိုင်းတာပဲနော်။ ကဲ... ကဲ... ဘာဖြစ်သလဲမြ။ အစ်ကိုကြီးကိုပြောစမ်းပါဦး။ မောင်ရဲမြင့်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ်" သူ့မျက်နှာကို ရင်ခွင်တွင်အပ်၍ ဖြေလေသည်။

"ဒါဖြင့် ဘာဖြစ်သလဲ မြ"

"ဘာမှမဟုတ်ပါဘူး အစ်ကိုကြီး။ ဘာမှမဟုတ်ပါဘူး။ အစ်ကိုကြီး မြကို ချစ်တယ်နော်။ ချစ်တယ်မဟုတ်လား"

"ဘာဖြစ်လို့လဲ မြ။ မြငိုတော့ အစ်ကိုကြီးမကြည့်ရက်ဘူး။ ဒါပေမဲ့ အစ်ကိုကြီးလိုချင်တဲ့ အမူအရာ၊ အရိပ်အယောင်တွေက အခုမှပေါ်လာလို့ ပုံကိုပြီးအောင်ဆွဲနေရတာပါ မြရယ်...။ ကဲ ဒါတွေထားစမ်းပါဦး။ မြ ဘာဖြစ်သလဲပြော။ ဘာမှ အစ်ကိုကြီးမသိအောင် ထိမ်မထားနဲ့။ မြနဲ့ အစ်ကိုကြီး မကြာခင် လက်ထပ်ကြတော့မှာပဲ။ လင်နဲ့မယားဆိုတာ တိုင်ပင်စရာရှိရင် ပွင့်ပွင့်လင်းလင်းတိုင်ပင်ရတယ်"

"ဘာမှမဟုတ်ပါဘူးအစ်ကိုကြီးရယ်"

"မြ အစ်ကိုကြီးကို ချစ်တယ်မဟုတ်လား။ အစ်ကိုကြီးကလည်း မြကိုချစ်တယ်။ ကဲ ပြော မြ ဘာပြုလို့ငိုတာလဲ"

"ဟိုမိန်းမ... အစ်ကိုကြီး..."မြသည် ပြောရင်းရှိုက်နေပြန်လေသည်။

"ဘယ်မိန်းမလဲ" ကိုစောမောင်သည် နားမလည်။

"မြဟာ အစက ဒီလိုမဟုတ်ပါဘူး။ အခုမှ မြဟာ သိပ်ပြီး မနာလိုဝန်တိုစိတ်တွေ များလာပါလားလို့ သိရတယ်။ မြ သိပ်ကိုစိတ်ထိခိုက်သွားတာပဲအစ်ကိုကြီး။ အစတုန်းကတော့ အဲဒီလိုဝန်တိုမိစ္ဆာရှိတဲ့ မိန်းမတွေကိုပဲ မြကဲ့ရဲ့ခဲ့တယ်။ ကိုယ်နဲ့သက်ဆိုင်လာတော့ မြလည်း မနာလို ဝန်တိုတတ်လာတာပဲ။ ရှက်လည်းရှက်ပါရဲ့ အစ်ကိုကြီးရယ်"

"ဘာလဲ မြ၊ မြဘာကို မနာလိုနေတာလဲ။ ဘယ်မိန်းမကို မြပြောနေတာလဲ"

"အစ်ကိုကြီးက မလာနဲ့ဆိုပေမဲ့ မြ မနေ့ကတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းလာသေးတယ်။ တံခါးကို အသာတွန်းဖွင့်လိုက်တော့ အစ်ကိုကြီးမသိဘူး။ မိန်းမတစ်ယောက် ခုံ...ပေါ်...မယ်...ထိုင်....လို့"

ကိုစောမောင်သည် ရယ်လိုက်လေသည်။

"မရယ်ပါနဲ့ အစ်ကိုကြီးရယ်... မြ ရူးတာပဲ သိပါတယ်။ ဒါပေမဲ့ ချုပ်လို့မရဘူး"

"အဲဒါ ခင်ခင်ညွှန့်ဆိုတာပေါ့။ သူ့ကိုပိုက်ဆံပေးရင် ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် ဒီလိုလာပြီး ထိုင်ပေးမှာပဲ။ သူ ဒီအလုပ်နဲ့ အသက်မွေးနေတာ ငါးနှစ်လောက်ရှိပြီ"

"သိပါတယ် အစ်ကိုကြီးရယ်။ ဒါပေမဲ့ ဘာပြုလို့မှန်းမသိဘူး မြတော့ ငိုချင်တာပဲ"

"ကဲ...ကဲ ပြောစမ်းပါဦး"

"ဘယ်မိန်းမမှ အစ်ကိုကြီးရှေ့မယ် လာပြီးထိုင်နေတာ၊ အစ်ကိုကြီးက အဲဒီမိန်းမကိုကြည့်ပြီး ပုံဆွဲနေတာကို မြ မကြည့်နိုင်ဘူး"

"မြ ဒီအရင်နေ့တွေတုန်းက အစ်ကိုကြီးနဲ့ နေရတာ ပျော်နေလို့ အစ်ကိုကြီးလိုချင်တဲ့အမူအရာမရတာ။ ဒီနေ့ကျမှ ပေါ်လာတော့တာပဲ"

"အစ်ကိုကြီး ခင်ခင်ညွှန့် ရောက်လာဦးမှာလား" ရင်ရင်မြက မေးပြန်လေသည်။

"မြရဲ့ ပန်းချီဆရာဆိုတာ ကိုယ်ဆွဲချင်တဲ့ပုံကို ဒီလိုပဲ ငှားပြီးကြည့်ဆွဲရတာပဲ"

"ဟင်...အင်း...မြပုံကိုပဲ အစ်ကိုကြီး ကြည့်ဆွဲရမယ်"

"ခင်ခင်ညွှန့်လို အစ်ကိုကြီးရှေ့မယ် နေပေးမယ်လား"

ရင်ရင်မြသည် ခေါင်းညိတ်ပြလေသည်။

"အချစ်ရယ် မလုပ်ပါနဲ့ကွယ်"

"အို... အစ်ကိုကြီး မြ ဝန်မလေးပါဘူး။ ဒါပေမဲ့ မြက ခင်ခင်ညွှန့်လောက်တော့ မလှဘူးနော်"

"လှပါတယ်မြရယ်"

"နည်းနည်းပိန်တာပေါ့"

"ခင်ခင်ညွှန့်ပုံကတော့ ကိုယ်လုံးကိုယ်ပေါက်အလှအပကို ရအောင်ဆွဲတာ"

"မြကိုပဲ ကြည့်ဆွဲပါ အစ်ကိုကြီးရယ်"

"တကယ်လား မြ"

"အစ်ကိုကြီးကလည်း တကယ်ပါဆိုနေ"

"လက်ထပ်ပြီးမှ..."

"ဒါဖြင့် မြန်မြန်လက်ထပ်ကြစို့။ အစ်ကိုကြီး ဒီပြင်မိန်းမကိုကြည့်ပြီး ပုံဆွဲနေတာကို မြမကြိုက်ဘူး... သိပ်ငိုချင်တာပဲ"

* * *

"သတင်းစာ...သတင်းစာ"

"မနေ့က ပန်းချီပြိုင်ပွဲကြီးမယ် ဘယ်သူပထမရသလဲ"

"ဖြေလည်း ပြေပါနိုင် ဆိုတာ ဘယ်သူ့လဲ"

"ပန်းချီကျော်- ဦးစောမောင် အကြောင်းလည်းပါတယ်"

သတင်းစာရောင်းသူတို့၏ အသံများသည် ရန်ကုန်မြို့ရှိ လမ်းတကာတွင် ဆူညံနေလေသည်။ သတင်းစာအသီးသီးတွင်လည်း ဦးစောမောင်၏အကြောင်းကို အကျယ်တဝင့် ဖော်ပြထားသည့်ပြင် သူ့လက်ရာဖြစ်သော ပြိုင်ပွဲတွင် ပထမရရှိသည့် "ဖြေလည်းပြေပါနိုင်"ပုံကြီးကိုလည်း နာမဝိသေသနအမျိုးမျိုးတို့ဖြင့် ချီးကျူးထားကြလေသည်။ "ဖြေလည်းပြေပါနိုင်"ရုပ်ပုံကြီးကိုလည်း စာမျက်နှာပြည့် ထည့်သွင်း ဖော်ပြထားကြလေသည်။ ထိုနေ့ထုတ် သတင်းစာများမှာပင် ကိုစောမောင်၊ ရင်ရင်မြတို့၏ မင်္ဂလာသတင်းလည်း ဓာတ်ပုံနှင့်တကွ တစ်ခါတည်း ပါလာလေရာ သတင်းစာဖတ်သူတိုင်း သူတို့နှစ်ယောက်အကြောင်းကို အထူးစိတ်ဝင်စားလျက် ရှိကြလေသည်။

အချို့ကလည်း ကိုစောမောင် ဆွဲထားသည့် ရင်ရင်မြ၏ "ဖြေလည်းပြေပါနိုင်" ပုံနှင့် ကိုစောမောင်နှင့်အတူ မင်္ဂလာဦးတွင် တွဲရိုက်ထားသည့်ပုံကို နှိုင်းယှဉ်ကြည့်နေကြကာ ထင်မြင်ချက်အမျိုးမျိုးပေးနေကြလေသည်။ အနုပညာလိုက်စားသူများကလည်း အမျိုးမျိုး ဝေဖန်နေကြလေသည်။

ကိုစောမောင်သည် ထိုနေ့ထုတ်သတင်းစာကို အားရဝမ်းသာ ဖတ်ရှုလျက်ရှိလေသည်။ မောင်ရဲမြင့်ကလေးသည် ကြမ်းပြင်ပေါ်တွင် ခွေးရုပ်ကလေးနှင့် ကစားနေလေသည်။ ရင်ရင်မြသည် ကိုစောမောင်အနီးတွင်ထိုင်ကာ သတင်းစာတွေကို တစ်စောင်ပြီးတစ်စောင် လှန်လှောကြည့်ရှုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြ… အစ်ကိုကြီးတော့ ဒီနေ့ဟာ တစ်သက်နဲ့တစ်ကိုယ် အပျော်ဆုံးပဲ"

"မြလည်း ဒီလိုပေါ့"

ရင်ရင်မြက ပြုံး၍ပြောလိုက်လေသည်။

"မနေ့ကများ မြဖြင့် ခေါင်းကိုနောက်နေတာပဲ။ လူတွေကို ဒီလောက်ဖိတ်မထားဘဲနဲ့ လာလိုက်ကြတာ။ သတင်းထောက်တွေကလည်း သိပ်ကဲတာပဲ။ တဖျပ်ဖျပ်နဲ့ ဓာတ်ပုံပဲ ရိုက်နေတာပဲ"

ကိုစောမောင်သည် ပြုံးနေလေသည်။

"မြက လှတာကိုး"

"အစ်ကိုကြီးကြောင့် မြ ပိုလှတာပါ"

"ဘယ့်နှယ့် အစ်ကိုကြီးကြောင့်လဲ"

"အစ်ကိုကြီးက မြကိုချစ်တာကိုး။ ချစ်တော့ မြစိတ်ပျော်နေတာပေါ့။ ဒီတော့ လှလာရော"

"သိပ်စကားတတ်တဲ့ မြပဲ"

ကိုစောမောင်သည် ရင်ရင်မြကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်လေသည်။ ကိုစောမောင် ဟန်ပြင်နေစဉ် ရင်ရင်မြက ဦးအောင် သူ့ပါးနှစ်ဖက်ကို အားရပါးရကြီး မွှေးလိုက်လေသည်။

"မြက တယ်သွက်တာကိုး" ကိုစောမောင်က ကျေကျေနပ်နပ်ကြီး ချီးကျူးလိုက်သည်။

"အစ်ကိုကြီးကပဲ နမ်းနေတာကြာပြီ။ မြကလည်း နမ်းဦးမှာပေါ့"

"သဘောရှိပါဗျာ။ ဒါထက် မြ ညနေ ၃ နာရီ မြန်မာပြည်ပန်းချီအသင်းကြီးက အစ်ကိုကြီးကို ချီးကျူးပွဲကျင်းပလိမ့်မယ် မြပါ ဖိတ်ထားတယ်"

"ဟင် မြရှက်ပါတယ်"

"မဟုတ်ဘူး မြ။ မြကိုပါ အပါခေါ်ခဲ့ဖို့ လူကြီးတွေက ဖိတ်တယ်။ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေလည်း လာလိမ့်မယ်။ ဝန်ကတော်တွေလည်း ပါမယ်"

"အစ်ကိုကြီးက လိုက်စေချင်ရင် လိုက်တာပေါ့"

"ကဲ အစ်ကိုကြီး အပြင်သွားစရာရှိသေးတယ်။ နှစ်နာရီလောက်မှ ပြန်ရောက်လာလိမ့်မယ်။ အရံသင့်လုပ်ထားနော်"

ကိုစောမောင်အပြင်ထွက်သွားသောအခါ ရင်ရင်မြသည် သူ့သားလေးအား ရေချိုးပေးနေလေသည်။ ဒေါ်လှမေလည်း ဝေယျာဝစ္စများကို ကူညီညာလုပ်ပေးနေလေသည်။ ဒေါ်လှမေသည် ရင်ရင်မြအား သမီးကလေးကဲ့သို့ သံယောဇဉ်တွယ်ငြိကာ အတူလိုက်နေခြင်းဖြစ်သည်။

ရင်ရင်မြသည် မောင်ရဲမြင့်ကို မျက်နှာသုတ်ပုဝါနှင့်ထွေးကာ အပြင်ဘက်ခန်းသို့ ထွက်လာလေသည်။ လူတစ်ယောက် ဧည့်ခန်းတွင် ထိုင်နေသည်ကို မြင်ရသောအခါ သူ့ခြေလှမ်းသည် တန့်သွားလေသည်။ "ဘယ်သူများပါလိမ့်" ခပ်တိုးတိုး ရေရွတ်မိသည်။ သူ့ဘက်ကို ကျောပေးထိုင်နေ၍ မျက်နှာကိုမမြင်ရ။ သူ့ကိုစောမောင်မဟုတ်မှန်းကိုတော့ သူသိသည်။

သူ့ခြေသံကြောင့် ဧည့်သည်သည် သူ့ကိုလှမ်းကြည့်လိုက်လေသည်။ သူသည် ပြုံးလိုက်လေသည်။ ရင်ရင်မြ အံ့အားသင့်နေသည်ကို တွေ့ရ၍ သူကျေနပ်သွားသည်။

"ဩော်… ကိုယ့်မြလေးပါပဲလား။ လူများ မှားနေမလားလို့ တထိတ်ထိတ်နဲ့။ သတင်းစာထဲမှာ ဓာတ်ပုံတွေ့ကတည်းက ဟုတ်ပါတယ်လို့တော့ ထင်သား။ မြ… မြလေး"

ရင်ရင်မြသည် အသံအုပ်ကလေးနှင့် အော်လိုက်မိသည်။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ သူ့မျက်လုံးအစုံသည် ကြောင်ကြောင်ပြူးနေလေသည်။

ဘသိန်းသည် မျက်နှာထားပြင်လိုက်သည်။

"ဟော့… မြ ဘာဖြစ်နေတာလဲ။ လာပါ ထိုင်ပါ။ စကားလေးဘာလေး ပြောရအောင်"

ရင်ရင်မြသည် အနီးရှိဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။ သူ့ပုခုံးလေးနှစ်ဖက်သည် ဆတ်ဆတ်ခါနေလေသည်။

ဘသိန်းသည် မကျေမနပ်ဖြစ်နေလေသည်။

"ဘယ့်နှယ့် သတင်းစာထဲမယ် ပန်းချီဆရာနဲ့ လက်ထပ်တယ်လို့ တွေ့ပါကလား"

"ဟုတ်တယ်… မနေ့ကပဲ" ရင်ရင်မြသည် တုန်တုန်ရင်ရင်နှင့် ပြန်ပြောလေသည်။

"မင်းကောင်က မင်းဟာ ငါ့မိန်းမဆိုတာ သိရဲ့လား"

"အကုန်သိတယ်။ ရှင်မလာတာ နှစ်နှစ်ကျော်ဆိုတော့ သေပြီထင်လို့"

"အင်း မင်းတို့နှစ်ပါးကြည်ဖို့ ငါသေပေးရမယ်။ ဒီကောင်ကလေးကရော ဘယ်သူ့ကလေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲမြင့်သည် သူ့မိခင်ရင်ခွင်ထဲမှ ဘသိန်းကို လှမ်းကြည့်နေသည်။

"ရှင်နဲ့ရတဲ့သားပဲ"

"အေး... ဒီလိုဆိုရင် မင်းသက်သက်မဲ့ လင်ကြီးရှိရက်နဲ့ လင်ငယ်ယူတာပဲ။ ငါရုံးမယ်တရားစွဲရင် မင်းတို့နှစ်ယောက်စလုံး ဘာဖြစ်မယ်ထင်သလဲ ဟင်...။ ဒါပေမဲ့ ငါ ဒီလောက်မရက်စက်ပါဘူး။ မင်း ငါပြောတာ နားထောင်မယ်ဆိုရင်..."

BURMESE CLASSIC .com

"ဘာလုပ်ရမလဲ"

"ငါနဲ့ ပြန်လိုက်ခဲ့"

ရင်ရင်မြ၏ ရင်တစ်ခုလုံးသည် ဒိန်းဒိန်းမြည်နေလေသည်။ ထိုအာဏာသံကို မိုးကြိုးသံလို ကြားလိုက်ရလေသည်။

"မဖြစ်နိုင်ပါဘူး"

"ဒီလိုဆိုရင် ဆိုင်ရာက တရားစွဲယူရုံပဲ"

ရင်ရင်မြသည် သူ့ကိုစောမောင်ကို မျက်စိထဲတွင် ပေါ်လာလေသည်။

သူ့ကိုစောမောင်သည် အခုအခါ တကယ့်နာမည်ကျော် ပန်းချီဆရာကြီး ဖြစ်နေလေပြီ။ ရုံးရောက်လျှင် သတင်းစာထဲတွင် သည်အကြောင်းတွေ ပါလာတော့မည်။ သူ့ချစ်သူအား သူများမယားကို ခိုးသည်ဟု ထင်ကြတော့မည်။ သတင်းထောက်တွေကလည်း သည်လိုဟာမျိုးဆိုလျှင် မြိန်မြိန်ယှက်ယှက်ကြီး ဖွဲ့နွဲ့ကြလေတော့မည်။ သူသည် မတွေးဝံ့အောင် ရှက်ရပေတော့မည်။

"ဒီလိုလည်း မလုပ်ပါနဲ့ ကိုဘသိန်းရယ်" သူသည် တောင်းပန်လေသည်။

ဘသိန်းသည် ပြုံးလိုက်လေသည်။ သူသည် အနိုင်ရသွားလေပြီ။

"ကျွန်မမယ် ရှိတဲ့ပစ္စည်းထဲက ရှင်ကြိုက်တာယူသွားပါ။ ကျွန်မစုထားတဲ့ငွေလည်း အနည်းအကျဉ်း ရှိပါသေးတယ်"

"ဟေး...ဟေး...မြ ကျုပ် ဒီလာတာ ငွေညှစ်ဖို့ လာတာမဟုတ်ဘူး။ ကျုပ်မိန်းမ ကျုပ်ပိုင်တဲ့ မိန်းမနဲ့ ကျုပ်နဲ့ရတဲ့သားကို ခေါ်ရအောင်လာတာ"

"ရှင့်ဆီကို ဘယ်တော့မှ ပြန်မလိုက်ဘူး။ ရှင့်ဆီပြန်လိုက်ရမယ်ဆိုရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်"

ရင်ရင်မြသည် မတ်တတ်ရပ်၍ ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။ မောင်ရဲမြင့်ကို ဒေါ်လှမေ လာခေါ်သွားလေသည်။

ဘသိန်းသည် အခုမှ ရင်ရင်မြတစ်ကိုယ်လုံးကို အသေအချာ ကြည့်မိလေသည်။ "ငါနဲ့ ကွဲနေတဲ့ အတောအတွင်း တယ်လှနေပါကလား" ဟု အောက်မေ့လိုက်လေသည်။

"မင်းမလိုက်ချင်နေ ငါ့သားကို ငါခေါ်မယ်"

"ရှင့်သားဟုတ်လား ရှင့်သား။ ရှင်သူ့ကို လက်ဖျားနဲ့တောင် မတို့ရဘူး"

"ဟော့... ငါ့သားကို ဘယ်နည်းနဲ့မှ ပထွေးနဲ့မထားနိုင်ဘူး။ ကဲ မင်းအသေအချာ စဉ်းစားလေ။ မင်းရော၊ ကလေးပါ မင်းလင်ငါနဲ့ လိုက်နေမလား၊ ဒါမှမဟုတ်ရင်လည်း ကလေးကိုပဲ ပေးလိုက်မလား။ မင်းဟာမင်းစဉ်းစား။ ငါ ဒီနေ့တောင် မင်းနဲ့ငါနဲ့ လင်မယားဖြစ်တဲ့အကြောင်း၊ ပန်းချီဆရာကောင်က ငါ့မိန်းမ ခိုးယူတဲ့အကြောင်းတွေ သတင်းထောက် သွားပြောမလို့ လုပ်သေးတယ်။ မသေချာသေးလို့ ငါဆိုင်းထားတာ"

ရင်ရင်မြသည် ဘာမှမပြော။ နံရံတွင် ချိတ်ထားသည့် "ဖြေလည်းပြေပါနိုင်" သူ့ပုံကြီးကို စိုက်ကြည့်နေလေသည်။

"ကဲ... ငါကလည်း အရင်မလိုပါဘူးလေ။ ပန်းချီဆရာ ဘယ်တော့ပြန်လာမလဲ"

"နှစ်နာရီ"

သူသည် နာရီကို မော့ကြည့်လိုက်လေသည်။

"အခု ၁၀ နာရီထိုးပြီ။ ကိုယ်နာရီပြန်တစ်ချက် လာခဲ့မယ်။ အဲဒါ မင်းအဖြေကို အတိအကျ သိချင်တယ်ဒါပဲ"

သူသည် နေရာမှထကာ ရုတ်တရက်ထွက်သွားလေ၏။

ရင်ရင်မြသည် နေရာတွင်ပင် ကျန်ရစ်လေသည်။ မောင်ရဲမြင့်သည် သူ့ဆီသို့ ပြေးလာလေသည်။ သူသည် လှမ်း၍ပွေ့ယူလိုက်ကာ ပါးနုနုကလေးကို အကြိမ်ကြိမ်မွှေးရင်း မျက်ရည်တွေစီးကျလာလေသည်။ ဒေါ်လှမေအနီးသို့ ရောက်လာကာ ရင်ရင်မြငိုနေသည်ကို တွေ့သောအခါ သူလည်း ငိုလေသည်။ သူသည် အကျိုးအကြောင်းတွေကို အားလုံးသိပြီးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တော့တာပဲ ဒေါ်ဒေါ်"

ဒေါ်လှမေသည် မျက်ရည်စကို အင်္ကျီလက်နှင့် သုတ်နေလေသည်။

"သူ ဘာပြောပြော မလိုက်နဲ့ပေါ့"

"မဖြစ်ဘူးဒေါ်ဒေါ်၊ ကိုဘသိန်းဟာ သိပ်ဉာဏ်များတယ်။ အစ်ကိုကြီးကို အရှက်တကွဲအကျိုးနည်းဖြစ်အောင် လုပ်လိမ့်မယ်။ အခု ကလေးပြန်လိုချင်တယ်ဆိုတာ တစ်ခုခုအကြောင်းရှိလို့ပဲ။ သူ ကလေးကို ချစ်တာမဟုတ်ပါဘူး။ ကျွန်မ သူနဲ့ပြန်နေအောင် သက်သက်ကပ်တာ ဖြစ်ချင်ဖြစ်မယ်။ သူနဲ့တော့ ပြန်မနေဘူး ဒေါ်ဒေါ်။ ကျွန်မ ကိုယ်ကျွန်မ သတ်သေမယ်" ရင်ရင်မြသည် ရှိုက်၍ရှိုက်၍ ငိုလေသည်။

"ဒီလိုဆိုပြန်တော့လည်း ဟောဒီသားလေးအတွက် ခက်ပြန်တာပဲ ဒေါ်ဒေါ်။ အစ်ကိုကြီးကို ဘယ့်နှယ့်လုပ်ပြောရပါ့မလဲ။ ကျွန်မ ကျေးဇူးရှင်အစ်ကိုကြီး ဒီအကြောင်းများသိရင် သူလည်း ရင်ကွဲမှာပဲ"

ဒေါ်လှမေသည် ဘာမျှမပြောဘဲမြံ ငိုနေလေသည်။

"သူ(၁)နာရီလောက် ပြန်လာလိမ့်မယ်။ သူမလာခင် တစ်ခုခု လုပ်မှဖြစ်မယ်"

ရင်ရင်မြသည် စိတ်တင်းလိုက်သကဲ့သို့ မျက်ရည်သုတ်ကာ အခန်းတွင်းသို့ ဝင်သွားလေ၏။

အခန်းတွင်းရောက်ခါမှ ပို၍ဝမ်းနည်းလာပြန်လေသည်။ သူသည် သူတို့ချစ်သူနှစ်ယောက် အုံးစက်ရာယှဉ်နွဲ့သည့် ခုတင်ပေါ်တွင်လှဲကာ ခေါင်းအုံးပေါ်တွင် မျက်နှာအပ်လျက် ဆွေးမျက်ရည်တွေကို သွန်ချနေလေ၏။

* * *

ကိုစောမောင်သည် ကပ္ပာကသီနှင့် ဗိုလ်ချုပ်ဈေးထဲမှ ထွက်လာလေသည်။ သူသည် ပျော်နေလေသည်။ ဒီနေ့အဖို့ သူတို့အတွက် တည်ခင်းသည့် လက်ဖက်ရည်ပွဲတွင် သူနှင့်မြတို့ မင်္ဂလာလေးပိုးလုံချည် ဆင်တူဝတ်ကြမည်။ အစိမ်းနုရောင်ကို သူအကြိုက်ဆုံးဖြစ်သည်။ သူသည် အစိမ်းနုလုံချည်နှင့် အစိမ်းနုဖက်ဖူးရောင် မောင့်ကျက်သရေခေါင်းပေါင်းကို ပေါင်းမည်။ သူ့ချစ်ဇနီးမြအားလည်း အစိမ်းနုလုံချည်နှင့် အစိမ်းနုပုဝါလေးကို ခြုံစေမည်။ လက်ဖက်ရည်ပွဲတွင် ပြန်လည်ပြောကြားရမည့် စကားများကိုလည်း လမ်းတစ်လျှောက်လုံး စဉ်းစားလာလေသည်။

"မြရေ…မြ"

ကိုစောမောင်သည် လှေကားက တက်ကတည်းက ခေါ်လာခဲ့သည်။ ပြန်၍ထူးသံကား ပေါ်မလာ။ ခါတိုင်းဆိုလျှင် အိမ်ပေါက်မှလာ၍ ကြိုစမြဲဖြစ်သည်။

သူသည် စေ့ထားသောတံခါးကို တွန်းဖွင့်လိုက်သည်။ တစ်အိမ်လုံး တိတ်နေလေသည်။ သူသည် ပါလာသောပစ္စည်းများကိုချကာ တစ်အိမ်လုံး အနှံ့အပြား လိုက်ရှာနေလေသည်။

"မြရေ မြ ဘယ်သွားပါလိမ့်။ ဒေါ်လှမေလည်း မရှိဘူး"

သူ့ဟာသူ ရေရွတ်နေလေသည်။ သူ၏ရင်သည် ဘာကြောင့်မှန်းမသိ တဒိတ်ဒိတ်တုန်လာလေသည်။

သူအလွန်မြတ်နိုးသည့် "ဖြေလည်းပြေပါနိုင်"ပုံကြီးကို မော့ကြည့်နေမိသည်။ လှပသည့်မျက်နှာတွင် ဆွေးရောင်လွှမ်းသည့် မျက်လုံးအစုံနှင့် သူ့ကိုပြန်ကြည့်နေသည်။ သူ သည် သူဝယ်လာသည့်ပစ္စည်းတွေချထားသည့် စားပွဲခုံပေါ်သို့ မျက်စိရောက်သွားပြန်သည်။

ထိုစားပွဲပေါ်တွင် ရင်ရင်မြလက်ရေးနှင့် စာအိတ်ကလေး-

သူသည် ကပျာကယာ ဖတ်လိုက်လေသည်။

**မြအသက်အစ်ကိုကြီး-**

မြဘယ်လို စာရေးရမလဲ။ မြ အသဲတွေ ကွဲကုန်ပြီ။ အစ်ကိုကြီးမြကို ချစ်တယ်နော်။ ဒီတစ်ခါတော့ အစ်ကိုကြီး မြကိုမကယ်နိုင်တော့ဘူး။ မြ အစ်ကိုကြီးနဲ့ ခွဲရတော့မယ်။ ကိုဘသိန်းပြန်လာပြီ။ အစ်ကိုကြီးလည်း ထွက်သွားရော သူလည်း ရောက်လာတယ်။ မြ သူ့ကို သိပ်ကြောက်တာပဲ။ သူက မြကို အတင်းပြန်ခေါ်နေတယ်။ မြ မလိုက်ရင် သားလေးကို သူခေါ်သွားမတဲ့။ မြ ဘယ်ပေးနိုင်မလဲ။ သားလေးကို သူအတင်းယူလိမ့်မယ်။ ပြီးတော့လည်း အစ်ကိုကြီးကို အရှက်ကွဲအောင် သူလုပ်လိမ့်မယ်။ သူနဲ့လည်း မြ ဘယ့်နှယ့် လိုက်နေနိုင်ပါ့မလဲ။ အစ်ကိုကြီး ဒီတစ်ခါတော့ မြကို မကယ်နိုင်တော့ဘူး။ သူနဲ့သာ မြ ပြန်နေရရင် မြသေမှာပဲ။ သားလေးကိုလည်း မြ ခွဲပြီးသူ့ကိုမပေးလိုက်နိုင်ဘူး။ အစ်ကိုကြီးကိုလည်း မြ မခွဲနိုင်ဘူး။ ဘယ့်နှယ့်ကြံရ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မလဲ အစ်ကိုကြီးရယ်။

သူ (၁) နာရီထိုးရင် ပြန်လာမတဲ့။ သူပြန်လာရင် မြကို အတင်းဆွဲခေါ်လိမ့်မယ်။ မလိုက်ရင် သားလေးကို သူယူသွားတော့မှာပဲ။ သူနဲ့မြ မျက်နှာချင်းမဆိုင်ဝံ့တော့ဘူး။ မြ သိပ်ကြောက်တယ်အစ်ကိုကြီးရယ်။

အစ်ကိုကြီး မြကို ခွင့်လွှတ်ပါနော်။ ဒီလိုပျော်နေတုန်းအချိန်မယ် အစ်ကိုကြီးနဲ့ ခွဲသွားရတာ... မြအသည်းတွေ ကြေကုန်မှာပဲ။ မြတော့ သေတဲ့အထိ အစ်ကိုကြီးကို မမေ့နိုင်တော့ပါဘူး။ စာလည်း ရှည်ရှည်မရေးနိုင်တော့ဘူး အစ်ကိုကြီးရယ်။ (၁)နာရီထိုးခါနီးနေပြီ။ သူပြန်လာလို့ တွေ့နေရင်တော့... မြ ကိုယ့်ကိုယ်ကို သတ်သေလိုက်တော့မှာပဲ။ သူ့မျက်နှာကို မြ မကြည့်ရဲတော့ ဘူး။

အစ်ကိုကြီးရေ... ဘဝအကြောင်းပဲလို့ အောက်မေ့ပြီး စိတ်ကိုသာဖြေပါတော့။ မြတော့ သားကလေးကိုခေါ်ပြီး ဒေါ်လှမေနဲ့အတူ သူမတွေ့မယ့်နေရာကို ထွက်သွားပါပြီ။

**အချစ်ဆုံးမြ**

ကိုစောမောင်သည် ဆိုဖာပေါ်တွင် ခေါင်းငိုက်စိုက်ကျသွားလေသည်။ အဖြစ်အပျက်ကား မြန်လွန်းလှသဖြင့် အိပ်မက်လိုဖြစ်နေလေသည်။ သို့သော် သူ့အချစ်မြ၊ သူ့မောင်ရဲမြင့်လေးတို့ကား သူ့အနီးအနားတွင် မရှိတော့ပြီ။ သည်ဟာကိုတော့ သူသိသည်။ မြသည် သူ့ကို စွန့်ခွာသွားလေပြီ။ သည်လိုစွန့်ခွာသွားသည့်အတွက်လည်း သူမြကို စိတ်မဆိုးနိုင်။ သူ့မြသည် သူ့ကို ဘယ်လောက်ချစ်သည်ကို သူသိသည်။

သူသည် သူ့လက်ရာဖြစ်သည့် နိုင်ငံကျော် "ဖြေလည်း ပြေပါနိုင်"ပုံကြီးကို မော်ကြည့်နေသည်။ လှပသည့်မျက်နှာတွင် ဆွေးရောင်သမ်းနေသည့် မျက်လုံးများသည် သူ့ကို ရွှန်းရွှန်းစားစား ပြန်ကြည့်နေသည်။ မြ ဘယ်ဆီများရောက်နေပါလိမ့်။ သူ့မျက်နှာသည် ပုံထဲကလို လှပပြီး မျက်လုံးများသည်လည်း ပုံထဲကလို ဆွေးရောင်သမ်းနေပေလိမ့်မည်။ သူသည် စာကို တစ်ခေါက်ပြန်ဖတ်ပြန်သည်။

"ဘဝအကြောင်းပဲလို့ အောက်မေ့ပြီး စိတ်ကိုဖြေပါတော့တဲ့"

ကိုစောမောင်သည် အသံတုန်ကြီးနှင့် တစ်ယောက်တည်း ပြောနေလေသည်။

"ဘယ်လိုပဲဖြေပေမယ့် ပြေနိုင်ပါ့မလဲ မြရယ်"

လှပသည့်မျက်နှာနှင့် ဆွေးရောင်သမ်းသည့်မျက်လုံးများသည် သူ့ကို ကြည့်နေလေသည်။ သူသည်အောက်ခြေတွင် ရေးထားသည့် စာတန်းကလေးကို တိုးတိုးကလေးဖတ်နေလေသည်။

"ဖြေလည်း ပြေပါနိုင်"

BURMESE CLASSIC .com

❖

အတွဲ–၁၊ အမှတ်–၁၁၊ ၁၉၄၈၊ မေပြီ၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com